ရောင်းမှု
The Mirror

၁၃၆၇ ခုနှစ်၊တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ တနလံာနေ့၊ (21-11-2005) (၄၇၈၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခိုးဝင်း ဘူးသီးတောင်၊ တောင်ပြိုလက်ဝဲ၊ မောင်တောနှင့် ရသေ့တောင်မြို့ ဖွံ့ဖြိုးတိုးတက်မှုများနှင့် တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နိုဝင်ဘာ ၁၉ရက် နံနက် ၈နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများနှင့်မိသားစုများက ကြိုဆိုကြသည်။

ဘူးသီးတောင်မြို့သို့ ရောက်ရှိ

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဘူးသီးတောင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဝင်းအတွင်း သစ်ပင်များ စိုက်ပျိုးထားမှု၊ စာသင်ဆောင်များအခြေအနေ၊ တစ်ထပ်စာသင်ဆောင်သစ် တည်ဆောက်နေမှုနှင့် ပြီးစီးမှု၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဘူးသီးတောင် တပ်နယ်မှ ဗိုလ်မှူးကြီးအောင်နိုင်၊ ပြည်နယ်ပညာရေးမှူး ဦးအေးကြိုင်၊ ကျောင်းအုပ်ကြီး ဦးမောင်မောင်ညွှန့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထိုမှတစ်ဆင့် ၂၅ ခုတင်ဆံ့ ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံကို သွားရောက်၍ ရှေးဦးစွာ လူနာများအား ကြည့်ရှုစစ်ဆေး အားပေးသည်။ ဆက်လက်၍ ခွဲစိတ်ခန်း၊ ဆေးထည့်ခန်း၊ ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ စာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွံခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တောင်ပြိုလက်ဝဲမြို့ နယ်စပ်တံတားကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂၀-၁၁-၂၀၀၅

ဟားခါး

၈ ဒီဂရီစင်တီဂရိတ်

မင်းတပ်

၉ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ခြန်ခာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၁-၁၁-၂၀၀၅
(တနလင်္ဂနေ့)

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးမီးရေကြိုးပမ်း

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အဓိကကျပြီး လွယ်လင့်တကူ သွားလာနိုင်မှသာလျှင် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ဒေသ တစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟခြင်း မဖြစ်စေလိုသည့်အတွက် လမ်း၊ တံတားများကို တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်စန်း၌ လမ်းမကြီးများဖောက်လုပ်ခြင်း၊ လမ်းဟောင်းများ အဆင့်မြှင့်တင် တိုးချဲ့ပေးခြင်းများနှင့်အတူ တံတားသစ်များစွာကို တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ တစ်နိုင်ငံလုံးတွင် ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၂၀၈ စင်း တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးကို ခေတ်မီခရီးဝေး အမြန်လမ်းမကြီးအဖြစ် အဆင့်မြှင့် တိုးချဲ့တည်ဆောက်ဖောက်လုပ်လျက်ရှိသည်။ ရန်ကုန်-မန္တလေး လမ်းမကြီးသည် နိုင်ငံတော်၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေးနှင့် အခြားသောကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအထောက်အကူပြုနေသော လမ်းမကြီးဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာလ ၁၂ရက်နေ့က ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပဲခူး-တောင်ငူလမ်းအပိုင်း အဆင့်မြှင့် တိုးချဲ့ဖောက်လုပ်ခြင်း လုပ်ငန်းများနှင့် လမ်းပိုင်းကြွေနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရန်ကုန်-မန္တလေးလမ်းမကြီး၏ ပဲခူး-ညောင်လေးပင် လမ်းအပိုင်း ၄၈မိုင်ကို အဆင့်မြှင့် တိုးချဲ့ဖောက်လုပ်လျက်ရှိရာ လမ်းထပ်ပိုးလွှာတင်ခြင်း၊ လမ်းမျက်နှာပြင်ညှိခြင်းနှင့် လမ်းအကျယ် ၂၄ပေ ရရှိရန် လမ်းပခုံးတိုးချဲ့ခြင်းလုပ်ငန်းများပြီးစီးနေပြီဖြစ်သည်။ မိုးတွင်းကာလ ပျက်စီးခဲ့သော လမ်းသုံးမိုင်ကို ထပ်ပိုးလွှာတင်ခြင်းနှင့် ၁၉မိုင်ကို အနိမ့်အမြင့် ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်-မန္တလေး လမ်းမကြီး၏ ညောင်လေးပင်-ဧရယျာတီလမ်းအပိုင်း ၄၈မိုင်၊ ဧရယျာတီ-ရေတာရှည် လမ်းအပိုင်း ၄၈မိုင်တို့တွင်လည်း နိုင်လွန်ကတ္တရာခင်းခြင်း၊ ၂၄ပေ တိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်း၊ လက်ရှိလမ်းသားကို ထပ်ပိုးလွှာခင်းခြင်း၊ တံတားများ ပြုပြင်တည်ဆောက်ခြင်းနှင့် မိုးတွင်းကာလက ပျက်စီးသွားသော လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်လျက်ရှိသည်။

ရန်ကုန်-မန္တလေးလမ်းမကြီး အဆင့်မြှင့် တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကို ပဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီများက သက်ဆိုင်ရာ လမ်းပိုင်းများအလိုက် တာဝန်ယူပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖောက်လုပ်လျက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရန်ကုန်-မန္တလေးလမ်းမကြီး ပဲခူး-တောင်ငူလမ်းအပိုင်း အဆင့်မြှင့်ဖောက်လုပ်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မွမ်းမံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန်မှာကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်တွင် ဘက်စုံအရေးပါလှသည့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးကို ခရီးဝေးအမြန်လမ်းမကြီးအဖြစ် အဆင့်မြှင့်တိုးချဲ့ဖောက်လုပ်လျက်ရှိရာ သက်ဆိုင်ရာ လမ်းပိုင်းများ အလိုက် တာဝန်ယူဆောင်ရွက်နေကြသော ကုမ္ပဏီများအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ တည်ဆောက်ပြီးစီးရေး အတွက် ပွင့်လင်း ရာသီအတွင်း ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘက်မလိုက် ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးတက်ရန် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၀

မလေးရှားနိုင်ငံ ကွာလာလမ်ပူ ဖြို့၌ ကျင်းပမည့် (၆)ကြိမ်မြောက် ဘက်မလိုက်အဖွဲ့ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်ဖြို့မှ လေကြောင်းရေးဖြင့် ထွက်ခွာသွားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့အား သာသနာ့ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူးနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

(သတင်းစာ၂)

မလေးရှားနိုင်ငံ ကွာလာလမ်ပူ ဖြို့၌ ကျင်းပမည့် (၆)ကြိမ်မြောက် ဘက်မလိုက်အဖွဲ့ ပြန်ကြားရေး ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစာ)

မလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၅၅)ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၀

ဖလားဝါး နယူးစ်ဂျာနယ် အတွဲ(၁) အမှတ်(၅၅)တွင် ကိုကို(စက်မှုတက္ကသိုလ်) ၏ အယ်ဒီတာ ဒုဦးယာရီ၊ UCM 02 တစ်တန်ခွဲ Light Truck ကားများ ထုတ်လုပ်မည်၊ ဝါးပိုင်းချဉ်လုပ်ရာတွင် သုံးသည့် ဝါးသေးဝါးမွှားများကို စင်ကာပူသို့ အလွေးဝါးအဖြစ်တင်ပို့၊ အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့နိုင်ပါက ပိုမိုအကျိုးအမြတ် ရရှိနိုင်၊ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်အဖြစ် သတ်မှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်စသည့် ပြည်တွင်းရေးရာ သတင်းဓလေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဗုဒ္ဓလက်ချောင်းတော် ရုပ်ကြွင်းဆိုးလိမ့်ဖြို့တော်တွင် အပူဇော်ခံပြသထား၊ နယူးယောက်တွင် လောင်စာနှစ်မျိုးသုံး တက္ကစီများ စတင်ပြေးဆွဲပြီ၊ အာရှ၏ ပထမဆုံးသော ကျောက်ကပ်နှင့်ရိုးတွင်း ခြင်ဆီ တစ်ဖြိုင်နက် အစားထိုးကုသမှု အောင်မြင်၊ အီရတ်စစ်သည် ဗီယက်နမ် စစ်နှင့် အလားတူသည်ဟုဆို စသည့် နိုင်ငံတကာမျက်မှောက်ရေးရာသတင်းဦး သတင်းထူးများ၊ သုံးသပ်ချက်ဆောင်းပါးများ။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစာ)

ပြည်ပသားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများ

တာမွေဖြို့နယ်အတွင်း စနေနေ့ အပတ်စဉ် နေအိမ်ပတ်နန်းကျင် သန့်ရှင်းရေးလုပ်ငန်း အသိပေးနှိုးဆော်ချက် ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၂ရက်တွင် မလွှကုန်းဌေးကြယ် (က)ရပ်ကွက် ဥက္ကဋ္ဌ ဦးလှနိုင်၊ ကျားကွက်သစ် (ဗဟို)ရပ်ကွက် ဥက္ကဋ္ဌ ဦးဆောင်ချစ်နှင့် ရပ်ကွက် အများပြည်သူတို့က ကျိုက္ကဆံလမ်း သုံးမြောင်ပန်းခြံတွင် စုပေါင်းစိုက်ထူစဉ်။ (က-ပ)

သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ငွေလှူ

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးရှေ့ နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်ဖြို့ လမ်း(၅၀) အမှတ်(၈၈)မြေ ဖြူစင်မေတ္တာ ဆေးတိုက်၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တံတေး)နှင့် ဗဟိုအမှူးဆောင်ကော်မတီဝင်များ၊ အလှူရှင်မိသားစုများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်ခံရယူ

အလှူငွေပေးအပ်ပွဲတွင် ရန်ကုန်ဖြို့ လမ်း(၅၀) အမှတ်(၈၈)နေ ဖြူစင်မေတ္တာ ဆေးတိုက်ပိုင်ရှင် သမားတော်ကြီး ဦးကျော်စိန်(မိုးကုတ်)-ဒေါ်နန်းခမ်းဆာတို့က အလှူငွေ ကျပ်တစ်သိန်းနှင့် ငွေကျပ် တစ်သိန်းတန်ဖိုးရှိ တိုင်းရင်းဆေးများပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)နှင့် ဗဟိုအမှူးဆောင်ကော်မတီဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

အလားတူ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ တောင်ငူဖြို့နေ မဟော်သဓာဆေးတိုက်ပိုင်ရှင် သမားတော်ကြီး ဦးကျော်မြင့်က ငွေကျပ် တစ်သိန်းတန်ဖိုးရှိ တိုင်းရင်းဆေးမျိုးစုံ ၁၀၅ထုပ်၊ မအူပင်ဖြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျင်ဝင်း(ကျင်ဝင်းငြိမ်း-အူပင်)က ငွေကျပ် ၁၀၅၀၀၀ မခေါက်ဖြို့နေ မယဉ်သူသင်း(ယဉ်ဓနေထား-ဥပဒေ)က ငွေကျပ် ၁၀၀၀၀၊ ဦးဝင်းနိုင်(ရွှေရဲလှ)နှင့် ဦးမြင့်သိန်း(ဆင်ဖြူကျွန်း-မြင့်သိန်း)တို့က ငွေကျပ် ၁၀၀၀၀ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ်(၅၂/၇/၅၃) ကုန်သည်လမ်း၊နှင့် ၃၇လမ်းထောင့်ရှိ စာပေဗိမာန်ဒုတိယထပ် ဖုန်း-၂၅၂၄၁ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစာ)

တာမွေဖြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနေ မိခင်ကြီး ဒေါ်ကြည်အား အမှုးထား၍ သမီး-ဒေါ်စန်းစန်းအေးက မွေးနေ့အလှုအဖြစ် ဗဟန်းဖြို့နယ် စီဝီတာဒါနသယ်ဘာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က-ပ)

လူထုပညာရေးမိသားစု အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၀

လူထုပညာရေးမိသားစုများနှင့် မျိုးဆက်သစ်များ၏ အာစရိယပူဇော်ပွဲ၊ သက်ကြီးကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်ဖြို့ ရွှေတိုဂုံဘုရားလမ်း ကျားကုန်းဒီမော်နန်ဒ် ဒီဇင်ဘာ ၃၁ရက်နံနက်တွင် ကျင်းပမည်ဖြစ်ရာ မိသားစုများမှ ဘွဲ့ထူးဂုဏ်ထူးရရှိသူများ၊ ၂၀၀၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော မျိုးဆက်သစ်များသည် အမှတ်စာရင်းပေးပို့ရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးဆောင်သန်း နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဖုန်း-၅၄၁၇၉၅၊ ဦးစိန်မောင် ဖုန်း-၆၆၁၄၄၃၃ဦးဝင်မောင် ဖုန်း-၅၂၇၅၅၁ ဦးတင်ထွန်း အမှတ်-၄၄ သစ္စာလမ်း မင်္ဂလာတောင်ညွှန်ဖြို့နယ်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုများ

တိုးတက်ဖြစ်ထွန်းနေသော ဆေးဘက်ဆိုင်ရာ တက္ကသိုလ်၊ သင်တန်းကျောင်းများနှင့် တိုးချဲ့သင်ကြားပေးနေသော ဘာသာရပ်ဆိုင်ရာသင်တန်းများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန်အတွက် အမျိုးသားကျန်းမာရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ဖော်ဆောင်ရာတွင် တိုးတက်ပြောင်းလဲနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်နှင့် လိုက်လျောညီထွေရှိမည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာစေရန် နိုင်ငံတော်အစိုးရက အလေးထား ဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လုပ်ငန်းသည် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်မှုအမျိုးမျိုး ပါဝင်သည့် ကျန်းမာရေးလုပ်သားအင်အားကို အသုံးပြု ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်း၌ ကျွမ်းကျင်သော ဆရာဝန်၊ သူနာပြုနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများကို ကျန်းမာရေး ရေရှည် ဖွံ့ဖြိုးမှုစီမံကိန်းနှင့်အညီ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ ပြည်တွင်း၌ လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် ကျန်းမာရေးဆိုင်ရာ ပညာရှင်အမျိုးအစားအားလုံးသည် မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက်၏ အနှစ်(၃၀) နှစ်ရှည်စီမံကိန်း ရည်မှန်းချက်ပါ **ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရမည်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထုတစ်ရပ်လုံးအတွက် လွှမ်းခြုံ**

မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်ကို တွေ့ရစဉ်။

ဆေးဘက်ဆိုင်ရာတက္ကသိုလ်များနှင့် သင်တန်းကျောင်းများ တိုးတက်ဖြစ်ထွန်းမှု

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅
၁	ဆေးတက္ကသိုလ်	၃	၄
၂	သူနာပြုတက္ကသိုလ်	–	၂
၃	ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်	–	၂
၄	ဆေးဘက်ပညာသည်တက္ကသိုလ်	–	၂
၅	အခြေခံကျန်းမာရေးတက္ကသိုလ်	–	၁
၆	တိုင်းရင်းဆေးတက္ကသိုလ်	–	၁
၇	သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်	၁	၂
၈	သူနာပြုသင်တန်းကျောင်း	၆	၂၃

မှတ်ချက်– တိုင်းရင်းဆေးသိပ္ပံကျောင်းတစ်ကျောင်း၊ သားဖွားသင်တန်းကျောင်း ၁၆ ကျောင်းနှင့် သူနာပြုနှီးနွယ်သင်တန်းကျောင်း လေးကျောင်း ဖြစ်တည်လျက်ရှိသည်။

ပေးနိုင်ရမည်ဟူသည့် စီမံကိန်းရည်မှန်းချက်နှင့်အညီ ကျန်းမာရေးလုပ်ငန်းများကို အလေးထား အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့အကောင်အထည်ဖော်မှုကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် မြင့်မားတိုးတက်လာခဲ့သည်။ ပြည်သူများအား ပိုမိုကျယ်ပြန့်စွာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူ့ဆေးရုံ အဆင့်မြှင့်တင်ရေးစီမံကိန်း (၂၀၀၁–၂၀၀၆)ကို အပိုင်းသုံးပိုင်းဖြင့် ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ဆေးရုံများကို အသစ်တည်ဆောက်ပေးခြင်းနှင့်အတူ တည်ရှိပြီး ဆေးရုံများကို အဆင့်မြှင့်တင်ပေးသည်။ အဆင့်မြှင့်ဆေးရုံကြီးများတွင် သင်ကြားရေးဆေးရုံကြီးများအဖြစ်ပါ တွဲဖက်ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အစိုးရလက်ထက်တွင် ယခင်ခေတ်ကာလက မရှိခဲ့သည့် ဆေးဘက်ဆိုင်ရာတက္ကသိုလ်များကို ထူးခြားစွာ တည်ဆောက်ပေးနိုင်ခဲ့သည်။

တည်ဆောက်ပေးထားသည့် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များတွင် ယခင်နှင့်မတူ နိုင်ငံတကာအဆင့်မီဘာသာရပ်ဆိုင်ရာ ဘွဲ့လွန် ဆေးပညာသင်တန်းအသစ်များကို တိုးချဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့်အပြင် ပြည်တွင်းရှိ ပါရဂူဘွဲ့သင်တန်းများတွင်လည်း နိုင်ငံတကာအဆင့်မီ ဘာသာရပ်အသစ်များကို တိုးချဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

ထို့ကြောင့် တပ်မတော်အစိုးရလက်ထက်တွင် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်နှင့် သင်တန်းကျောင်းများ တိုးချဲ့တည်ဆောက်ပေးထား မှုနှင့်အတူ အဆိုပါတက္ကသိုလ်နှင့် သင်တန်းကျောင်းများ၌ ဝန်ထမ်းဆရာဝန်များနှင့် ပြင်ပဆရာဝန်များအတွက် တိုးချဲ့သင်ကြားပေးနေသော ဘာသာရပ်ဆိုင်ရာ ဆေးပညာသင်တန်းများ တိုးတက်ဖြစ်ထွန်းနေမှုတို့ကို ဖော်ပြပါဇယားများအား လေ့လာ ကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပေသည်။ ။

သူနာပြုသင်တန်းကျောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ သူနာပြုသင်တန်းကျောင်းကို တွေ့ရစဉ်။

ပြည်တွင်း၌ တိုးချဲ့သင်ကြားပေးနေသော ဘာသာရပ်ဆိုင်ရာ ဘွဲ့လွန်ဆေးပညာသင်တန်းများ

စဉ်	သင်တန်းအမျိုးအစား	၁၉၈၈	၂၀၀၅
၁	ဝန်ထမ်းဆရာဝန်များအတွက် အဆင့်မြင့် ဆေးလက်တွေ့ ပါရဂူဘွဲ့လွန်သင်တန်း(ဘာသာရပ်)	–	၃၀
၂	ဝန်ထမ်းဆရာဝန်များအတွက် ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့သင်တန်း(ဘာသာရပ်)	–	၇
၃	ဝန်ထမ်းဆရာဝန်များအတွက် ဆေးပညာ မဟာသိပ္ပံသင်တန်း	–	၂၉
၄	ဝန်ထမ်းဆရာဝန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် ဒီပလိုမာသင်တန်း	–	၂၃
၅	ပြင်ပဆရာဝန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် ဒီပလိုမာသင်တန်း	–	၂
၆	ပြင်ပဘွဲ့ရများအတွက် ဒီပလိုမာသင်တန်း	–	၃

အမေရိကန်သမ္မတဟောင်းနစ်ဆင်၏ ဗီယက်နမ်စစ်ပွဲပြဿနာ သမ္မတဘုရှ်၏ အီရတ်ဆိုင်ရာပြဿနာများနှင့် အလားသဏ္ဌာန်တူနေဟုဆို

ဝါရှင်တန် နိုဝင်ဘာ ၁၈

ယခုရက်သတ္တပတ်တွင် ထုတ်ပြန်လိုက်သည့် မှတ်တမ်းမှတ်ရာများတွင် အမေရိကန်သမ္မတ ရစ်ချတ်နစ်ဆင် ဗီယက်နမ်စစ်ပွဲအတွင်း လုံးပန်းခဲ့မှုများကို ဖော်ထုတ်ထားပြီး သမ္မတဂျော့ဂျ်ဘုရှ် အီရတ်စစ်ပွဲတွင် လုံးပန်းနေရပုံနှင့် အလားသဏ္ဌာန်တူညီနေကြောင်းဖြင့် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမျိုးသား မော်ကွန်းတိုက်က စာမျက်နှာ ၅၀၀၀၀ပါရှိသည့် မှတ်တမ်း မှတ်ရာများကို ပြည်သူများ ကြည့်ရှုရန် ဗုဒ္ဓဟူးနေ့က ဖွင့်ထားခဲ့ရာ အများစုမှာ အမျိုးသားလုံခြုံရေးကောင်စီမှ မှတ်တမ်း ဖိုင်များနှင့် ဟင်နရီကစ်ဆင်ဂျာ၏ ရုံးမှ မှတ်တမ်းဖိုင်များ ပါဝင်သည်။

ရင်ဆိုင်

သမ္မတနစ်ဆင် တွေ့ကြုံရသည့် နိုင်ငံရေးပြဿနာနှင့် လူထုသဘောထား အမြင်နှင့် စပ်လျဉ်း၍ ဒေါင်ချာစိုင်း နေပုံတို့ကို မှတ်တမ်းဖိုင်များတွင် ဖော်ပြထားသည်။ အရပ်သားများအား နှိပ်စက်ညှဉ်းပန်းမှုအပေါ် ပြည်သူတို့ လိုလားမှု မရှိခြင်း အပါအဝင် အီရတ်စစ်ပွဲတွင် သမ္မတဘုရှ် ပြဿနာများနှင့် ရင်ဆိုင်နေရပုံမှာ ဗီယက်နမ်စစ်ပွဲ အခြေအနေမျိုးနှင့်အလားသဏ္ဌာန် တူနေသည်ဟု နယူးယောက်တိုင်းမ် သတင်းစာက ရေးသားသည်။

သတိပေး

အမေရိကန် တပ်ဖွဲ့ဝင်များက ဗီယက်နမ် အရပ်သားများအား မေလိုင် ဒေသတွင် ၁၉၆၈ ခုနှစ်က အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့မှုသည် အမေရိကန်ပြည်ထောင်စုအတွက် အထူးတလည် ကသိကအောက်ဖြစ်စေသည်ဟု ကာကွယ်ရေးဝန်ကြီးဟောင်း မဲဘင်လိုင်ယာဒ်က သမ္မတနစ်ဆင်အား သတိပေးကြောင်း ဖော်ပြပါ သတင်းစာ ကရေးသားသည်။

အင်တာနက်။

အီရတ်၌တိုက်ခိုက်မှုများဖြစ်ပွားနှစ်ရက်အတွင်း ကန်တပ်ဖွဲ့ဝင် ၁၁ဦး သေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၇

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ဗုံးပေါက်ကွဲမှုကြောင့် အီရတ်နိုင်ငံတွင် သေဆုံးခဲ့ရာနှစ်ရက်ကြာကာလ အတွင်း အမေရိကန်တပ်ဖွဲ့ဝင်၁၁ဦးသေဆုံးခဲ့ခြင်း ဖြစ်ကြောင်းဖြင့် အင်တာနက် သတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းမရိန်းတပ်ဖွဲ့ဝင်သည် အီရတ်နိုင်ငံအနောက်ပိုင်းဒေသ ဟာဒီသာမြို့တွင် ဗုဒ္ဓဟူးနေ့က သေဆုံးသွားခဲ့ခြင်း ဖြစ်သည်ဟု အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ကြေညာသည်။

ဘူဘေဒီမြို့တွင်လည်း ယင်းနေ့တွင် ပင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာတွင် အခြား မရိန်းတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များစီးနင်းလိုက် ပါလာသည့် မော်တော်ယာဉ် တစ်စီး ဘဂ္ဂဒက် အနောက်မြောက်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးအင်္ဂါနေ့က သေဆုံးခဲ့သည်။စတုတ္တမြောက်တပ်ဖွဲ့ဝင်တစ်ဦး သည်လည်း ရရှိခဲ့သည့် ဒဏ်ရာဖြင့် ဗုဒ္ဓဟူးနေ့က သေဆုံးခဲ့သည်။

ဗုံးဖောက်ခွဲသူတစ်ဦးက ၎င်း၏ မော်တော်ယာဉ်အား ဖလူးဂျာမြို့အနီး တွင် ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အင်္ဂါနေ့က သေဆုံးခဲ့သည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံ အတွင်း ၂၀၀၃ ခုနှစ် မတ်လက ဝင်ရောက် တိုက်ခိုက်ပြီးသည့် နောက် အီရတ်နိုင်ငံတွင် နောက်ဆုံးသေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၂၀၈၀ ရှိသွားပြီဖြစ်သည်ဟု အေအက်ဖ်ပီသတင်းအရ သိရှိရသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးနေသော ကားတစ်စီးနှင့်အတူ ပူဆွေးသောကရောက်နေသည့် အမျိုးသမီးတစ်ဦး ကို နိုဝင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းများကို သိပ္ပံပညာရှင်များလေ့လာ ဆိုရိုပေါ့ဒ်ဒိုင်နိုဆောမျိုး မြက်စားသုံးကြောင်း တွေ့ရဟုဆို

ဝါရှင်တန် နိုဝင်ဘာ ၁၈

ရှေးနှစ်သန်းပေါင်း ၆၅ သန်းမှ ၇၁ သန်းကာလအတွင်း အသက်ရှင်နေထိုင်ခဲ့သော ဆိုရိုပေါ့ဒ် ဒိုင်နိုဆောသတ္တဝါများ၏ မစင်များကို သိပ္ပံပညာရှင်များက လေ့လာခဲ့ရာ ထိုသတ္တဝါများသည် မြက်ကိုစားသုံးကာ ရှင်သန်ခဲ့ကြောင်း တွေ့ရှိရသည့်အတွက် သုတေသီများ တအုံတသြဖြစ်ကြရကြောင်း သိရသည်။

ဒိုင်နိုဆောမစင်များကို ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ်နှင့် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ရှေးယခင်က မြက်ပင်မျိုးများကို ဒိုင်နိုဆောခေတ် ကုန်ဆုံးသွားပြီးသော ကာလမှာသာ ရှင်သန်ပေါက်ပွားလာသည်ဟု ပညာရှင်များက လက်ခံထားခဲ့ကြသည်။ မြက်ပင်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အစောဆုံးတွေ့ရှိရသော ကာလမှာ လွန်ခဲ့သော နှစ်ပေါင်း ၅၅ သန်းကမှ စတင်တွေ့ရှိကြရသည်။ အထက်ဖော်ပြပါ အချက်အလက်များကို သုတေသီများက နိုဝင်ဘာလ ၁၈ ရက်နေ့ထုတ် သိပ္ပံဂျာနယ်တွင် ရေးသား ဖော်ပြခဲ့သည်။

ဆိုရိုပေါ့ဒ်ဒိုင်နိုဆော သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်း မစင်တုံးများကို အိန္ဒိယနိုင်ငံ လပ်ခနောင်းမြို့ရှိ ဘီအာဘာလ် ဆာနီတက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်း ဗေဒပညာရှင်များက လေ့လာခဲ့ကြသည်။ ထိုပစ္စည်းများ၏ ဓာတ်ပုံနှင့် နမူနာအချို့ကို ဆွီဒင်နိုင်ငံရှိ သဘာဝသမိုင်းပြတိုက်သို့ လေ့လာမှုများ ပြုလုပ်နိုင်ရန်ပေးပို့ခဲ့ရာ အဆိုပါပစ္စည်းများတွင် ဖိုင်သိုလစ်ခေါ်ဆီလီကာဓာတ် အစအနများကို တွေ့ကြရသည်။ ထိုဖိုင်သိုလစ်အစအနများသည် စပါး၊ ဝါးနှင့် မြက်မျိုးများတွင် တွေ့ရသည်ကို ထောက်ထား၍ မြက်ပင်များသည် ဒိုင်နိုဆောခေတ်ကပင် ပေါက်ရောက်ခဲ့ကြောင်း အထောက်အထားဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘေဂျီမြို့တွင် ယာဉ်မတော်တဆမှုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မှ ကီလိုမီတာ ၂၀၀ ခန့်အကွာရှိ ဘေဂျီမြို့အနီးတွင် မော်တော်ယာဉ် မတော်တဆမှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

ကြေညာ

ယင်းဖြစ်ရပ်သည် ဘေဂျီမြို့ရှိ ရေနံချက်စက်ရုံ၏ တောင်ပိုင်းဒေသတွင် ကြာသပတေးနေ့က ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး ယင်းဖြစ်ရပ်အတွင်း အခြား တပ်ဖွဲ့ဝင်လေးဦးသည်လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ၎င်းတို့ကို ဆေးရုံသို့ ဆေးကုသရန် ပို့ဆောင်ခဲ့သည်ဟု စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ဟိုတယ်တစ်ခုအနီးတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုတွင် ယာဉ်နှစ်စီးတိုက်မိ၊ ခရီးသည် ၃၈ဦးသေဆုံး

မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁၇

အဆိပ်ပြင်းထန်သည့် ဇဝက်သာဓာတ်ငွေ့ (အမိုးနီးယားဓာတ်ငွေ့) တင်ဆောင်လာသည့် ကုန်တင်ထရပ်ယာဉ်နှင့် ခရီးသည်များတင်ဆောင်လာသော ဘတ်စ်ကားတစ်စီးတို့ မက္ကဆီကိုနိုင်ငံ အနောက်မြောက်ပိုင်းတွင် တိုက်မိကြသဖြင့် လူ ၃၈ဦး သေဆုံးကြောင်း ဖြင့် ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

သေဆုံး

လူစီးယာဉ်ပေါ် လိုက်ပါလာသည့် ခရီးသည် အားလုံးနီးပါး သေဆုံးခဲ့ကြကြောင်း၊ အချို့သောခရီးသည်များမှာ ထိခိုက်မှုကြောင့် မဟုတ်ဘဲ ဇဝက်သာဓာတ်ငွေ့ ရှူရှိုက်မိကာ သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ဆီနာလိုအာပြည်နယ်ရှိ ပြည်သူ့လုံခြုံရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အရောင်အဆင်းမရှိ အနံ့ပြင်းထန်သည့် ဇဝက်သာဓာတ်ငွေ့ကို ဓာတ်မြေသြဇာနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသည်။

ကြေညာ

ထရပ်ယာဉ်ဘရိတ်မမိဖြစ်ပြီး ဘတ်စ်ကားအား တိုက်မိခြင်းဖြစ်ကြောင်း၊ ဘတ်စ်ကားသည် ၆၅ပေကျော်နက်သည့် ချောက်ထဲသို့ကျသွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်း မတော်တဆဖြစ်မှုကြောင့် ဇဝက်သာဓာတ်ငွေ့ယိုစိမ့်နိုင်ပြီး ရဲတပ်ဖွဲ့ဝင်များနှင့်ကယ်ဆယ်ရေးအဖွဲ့များ ယင်းနေရာသို့ရောက်ရှိရန် ခက်ခဲနေကြသည်ဟု ရဲကထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘာကူဘာမြို့အနီး ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းတွင် အမေရိကန်-အီရတ်ပူးတွဲကင်းလှည့်စဉ် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် အီရတ် ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့ သေဆုံးသွားခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

အမေရိကန်-အီရတ်ပူးတွဲကင်းလှည့် ယာဉ်သည် ဘဂ္ဂဒက်အရှေ့မြောက်ပိုင်း ကီလိုမီတာ ၆၀ အကွာရှိ ဘာကူဘာမြို့အနီးတွင် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ပြီး အခြား အီရတ် ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင် ကားဗုံးနှစ်လုံး ပေါက်ကွဲ လူလေးဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မြို့လယ်ကောင်ရှိ ပြည်ပနိုင်ငံသားများ တည်းခိုလေ့ရှိသည့် ဟိုတယ်အနီးတွင် ကားဗုံးပေါက်ကွဲမှုနှစ်ခု သောကြာနေ့က ဖြစ်ပွားရာ ကလေးငယ်နှစ်ဦးအပါအဝင် လူလေးဦးထက်မနည်းသေဆုံးခဲ့ပြီး လူ ၄၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ရှာဖွေ

ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာအနီးရှိ အိပ်ခန်းအများအပြားပါရှိသည့် အဆောက်အအုံတစ်လုံး ပျက်စီးသွားပြီး အပျက်အစီးပုံအောက်တွင် ပိတ်မိနေသောလူများအား မီးသတ်သမားများနှင့် တပ်ဖွဲ့ဝင်များက ရှာဖွေလျက်ရှိသည်။

သတင်းစာဆရာများနှင့် ပြည်ပနိုင်ငံသားများ တည်းခိုလေ့ရှိသည့် ဟမ်ရာဟိုတယ်အနီး ကားဗုံးနှစ်လုံးပေါက်ကွဲခြင်းဖြစ်သည်ဟု ရိုက်တာသတင်းထောက်တစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာများသည် ပြည်ထဲရေးဌာန ကတုတ်ကျင်းနှင့်လည်း နီးသည်ဟုဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိမ်ဖြူတော်တွင် သမ္မတဘုရှ် ရှိနေသမျှကာလပတ်လုံး နှစ်နိုင်ငံဆက်ဆံရေး မတိုးတက်နိုင်ဟု ဗင်နီဇွဲလားက ဝေဖန်

ကာရာကတ်စ်(ဗင်နီဇွဲလား) နိုဝင်ဘာ ၁၉

ဗင်နီဇွဲလားနိုင်ငံနှင့် အဓိကရေနံဖောက်သည် အမေရိကန်ပြည်ထောင်စုတို့၏ တည်ငြိမ်မှုမရှိသည့် ဆက်ဆံရေးသည် အိမ်ဖြူတော်တွင် သမ္မတဘုရှ်ဆက်လက်ရှိနေသမျှကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခွင့်အလမ်းနည်းပါးနေကြောင်းဖြင့် ဗင်နီဇွဲလားက သောကြာနေ့တွင် ပြောကြားလိုက်သည်။

လက်တင် အမေရိကဆိုင်ရာ ထိပ်တန်းအမေရိကန်သံတမန်က ဗင်နီဇွဲလားသမ္မတချာဗက်ဇ်သည် ဒီမိုကရေစီရေးအတွက် အန္တရာယ်ရှိသည်ဟု ဝေဖန်ပြောကြားပြီး နောက်တစ်နေ့တွင် ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီး အလီရှိ ဒရိုဇအက်စ်က ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဗင်နီဇွဲလားပြည်တွင်းရေး ကိစ္စများတွင် ရုန့်ရင်းကြမ်းတမ်းပြီး အတ္တဆန့်စွာဖြင့် ဝင်ရောက်စွက်ဖက်နေမှုကို ငြင်းပယ်ရုံမှတစ်ပါး အခြားလုပ်စရာမရှိတော့ကြောင်း၊ ဘုရှ်အစိုးရနှင့် ပုံမှန်ဆက်ဆံနိုင်ရေးသည်ပင် ခက်ခက်ခဲခဲရှိနေကြောင်း အရာရာကပြသနေဖွယ်ရှိသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

လက်ဝဲဝါဒီသမ္မတ ရာဗက်ဇ်သည် ဗင်နီဇွဲလားနိုင်ငံ ဒီမိုကရေစီရေးအတွက် အန္တရာယ်ရှိသည် ပုဂ္ဂိုလ်အဖြစ် အနောက်သာက်ခြမ်းရေးရာ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး သောမတ်စ်ရှန်ဒွန်က ဝေဖန်ပြောကြားမှုကို သမ္မတ ချာဗက်ဇ်က ဘုရှ်အားနှိုတ်ဖြင့်ပြန်လည်ဝေဖန်ခဲ့သည်။

ဗင်နီဇွဲလားသမ္မတ ရာထူးရရှိပြီးခဲ့သည့်နောက် ချာဗက်ဇ်က ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးဆိုင်ရာ ပြုပြင်ရေးမူ၀ါဒများ ချမှတ်ဖော်ဆောင်ပြီးသည့်နောက် ဗင်နီဇွဲလားနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့၏ သံတမန်ဆက်ဆံရေးသည် တစ်စထက် တစ်စဆိုးရွား လာခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ဗြိတိန်နိုင်ငံ အင်္ဂလန် မြောက်ပိုင်းရှိ ဘရက်ဖို့ဒ်မြို့တွင် ဓားပြတိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေး ဆောင်ရွက်နေသည်ကို နိုဝင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုန်ကျစရိတ် ကြီးမားမှုကြောင့် အသုံးပြုရန် နှောင့်နှေးလျက်ရှိ လေယာဉ်များကို ဒုံးကျည်ရန်မှ ကာကွယ်မည့်စနစ်

လော့စ်အိန်ဂျလစ် နိုဝင်ဘာ ၁၈

ကုန်သွယ်လေကြောင်း လေယာဉ်များအား ပန်းဖြင့်ထမ်း၍ ပစ်ရသောဒုံးကျည်ဖြင့် ပစ်ခတ်ခံရသောအခါ အကာအကွယ်ပေးနိုင်မည့် စနစ်တစ်မျိုးကို ဧရာသံကရာပ်ဂရူမင် ကော်ပိုရေးရှင်းက မကြာသေးဘီက ထုတ်ဖော် ပြသခဲ့သော်လည်း ကုန်ကျစရိတ်ကြီးမားမှုကြောင့် လေကြောင်းဌာနများက တပ်ဆင်အသုံးပြုရန် နှောင့်နှေးလျက်ရှိသည်။

ထိုဒုံးကာကွယ်ရေး စနစ်သည် လေဆာရောင်ခြည်ကို ထုတ်လွှတ်ပေးမည်ဖြစ်သည်။ ယင်းလေဆာရောင်ခြည်က ပစ်ခတ်လိုက်သော ဒုံးကျည်၏ လမ်းညွှန်စနစ်ကို အနှောင့်အယှက်ပေးခြင်းဖြင့် ပစ်မှတ်မှလွဲချော်သွားအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်ဟု နိုဝင်ဘာ ၁၇ ရက်ထုတ် လော့စ်အိန်ဂျလစ် တိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။

မိုဂျိုက်ဝ်လေယာဉ်ကွင်းတွင် အဆိုပါ ဒုံးကာကွယ်ရေးကိရိယာ၏ အစွမ်းကို ထုတ်ဖော်ပြသပေးခဲ့သည်။ ထိုကိရိယာသည် ခြောက်ပေမျှအရှည်ရှိပြီး လေသဏ္ဌာန်ရှိကာ ခရီးသည်တင်လေယာဉ်၏ ကိုယ်ထည်အောက်တွင် တပ်ဆင်အသုံးပြုရကြောင်း သိရသည်။

ကြီစည်

မကြာသေးမီ အချိန်အတွင်းက ပန်းထမ်းဒုံးကျည်အချို့ကို အမေရိကန်နိုင်ငံအတွင်း ခိုးသွင်းရန် ကြိုးစည်မှုများရှိသည်ဆိုသော သတင်းများ ထွက်ပေါ်လာသည်။ အဆိုပါ သတင်းကြောင့် လေယာဉ်များတွင် ဒုံးကျည်ကာကွယ်ရေးစနစ်ကို တပ်ဆင်အသုံးပြုရန်ကိစ္စကို အမိမြေလုံ့ဖြေရေးအဖွဲ့က အာရုံစိုက်လာသည်ဟု ဆိုသည်။

အမေရိကန်ပြည်တွင်း လေယာဉ်ကြောင်းလိုင်း လေယာဉ်များသည် ငွေရေးကြေးရေး အကက်အခဲတွေ့နေရာ လေယာဉ်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ တစ်သန်းမျှကုန်ကျမည့် ဒုံးကာကွယ်ရေးစနစ်၏ ကုန်ကျစရိတ်ကြောင့် တပ်ဆင်အသုံးပြုရေးကိစ္စမှာ နှောင့်နှေးလျက်ရှိသည်။

တိုက်ခိုက်နိုင်

ပန်းထမ်းဒုံးများသည် နေရာအနှံ့တွင် ရောက်ရှိနေသော အခြေအနေရှိသည်။ သို့ဖြစ်၍ ထိုဒုံးအမျိုးအစားဖြင့် အကြမ်းဖက်သမားများက ခရီးသည်တင်လေယာဉ်များကို ပစ်ခတ်တိုက်ခိုက်လာနိုင်စရာ အကြောင်းရှိကြောင်း အမိမြေလုံ့ဖြေရေးအဖွဲ့က သတိပေးထားသည်။

လော့စ်အိန်ဂျလစ် လေယာဉ်ကွင်းတွင် အတက်အဆင်း ပြုလုပ်ရာ၌ တောင်များအနီးမှ အတက်အဆင်း ပြုလုပ်ရသည်ဖြစ်ရာ ထိုကွင်းကို အသုံးပြုသော လေယာဉ်များအတွက် ဒုံးအန္တရာယ်ရှိကြောင်း သိရသည်။

ပျက်စီး

ယခုအချိန်အထိ အမေရိကန်နိုင်ငံတွင် ပန်းထမ်းဒုံးဖြင့် ခရီးသည်တင်လေယာဉ်များကို တိုက်ခိုက်မှု ဖြစ်ပွားခြင်း မရှိသေးပေ။ သို့ရာတွင် အာဗရိကာရှိ မင်ဗြမ်မသက်ဖြစ်နေသော ဒေသများ၌ အဆိုပါ ဒုံးမျိုးအစားဖြင့် လေယာဉ်များကို တိုက်ခိုက်မှု ၃၅ကြိမ် ဖြစ်ပွားခဲ့သည်အနက် နှစ်ဒါဇင်မျှရှိသော လေယာဉ်များ ပျက်စီးခဲ့ပြီး လူ ၆၄၀ အသက်ဆုံးရှုံးခဲ့ရသည်။

ပန်းထမ်းဒုံးကျည်များကို ၁၉၅၀ ပြည့်နှစ်များက ကမ္ဘာပေါ်တွင် အရေအတွက်တစ်သန်းအထိထုတ်လုပ်ခဲ့သည်။ ထိုဒုံးကျည်များသည် မီတာ ၅၀၀၀ အမြင့်တွင်ရှိသော လေယာဉ်ကို ပစ်ခတ်နိုင်စွမ်း ရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လာမည့်နှစ်တွင် ပါဝင်ခွင့်ရရန် ဗီယက်နမ်မျှော်လင့်

ဘူဆန်(တောင်ကိုရီးယား) နိုဝင်ဘာ ၁၉

ဗီယက်နမ်နိုင်ငံသည် လာမည့်နှစ် ပထမနှစ်ဝက်ကာလအတွင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရှိမည်ဟု မျှော်လင့်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ကနဦးအနေဖြင့် ၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဒဗလျူတီအိုအဖွဲ့ဝင်တွင် နိုင်ငံဖြစ်လာရန် ရည်မှန်းချက်ရှိခဲ့ကြောင်း သမ္မတထရန်ဒတ်လောင်က သောကြာနေ့တွင် ပြောကြားသည်။

မျှော်လင့်

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင် နိုင်ငံဖြစ်လာမည်ဟု မျှော်လင့်ကြောင်း သမ္မတထရန်ဒတ်လောင်က ရိုက်တာသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

အကျိုးရမည်

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာခြင်းဖြင့် မိမိတို့နိုင်ငံသာမက အာရှ-ပစိဖိတ်ဒေသ စီးပွားရေးပွားပေါင်းဆောင်ရွက်မှု အဖွဲ့ (အေပက်)နိုင်ငံများပါ အကျိုးစီးပွားရရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ဒဗလျူတီအိုတွင် အဖွဲ့ဝင်ဖြစ်ရန် စီးပွားရေးနှင့် တရားဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ချမှတ်လုပ်ဆောင်နေဆဲဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ပေါ်တူဂီရှိ အဝေးပြေးလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွား လူသုံးဦးနေသေဆုံးပြီး ၂၁ဦးခန့်ရာဇဝတ်ရာရ

လစ္စဘွန်း နိုဝင်ဘာ ၁၈

ပေါ်တူဂီနိုင်ငံရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် နိုဝင်ဘာ ၁၇ ရက်က ကားအစီး ၆၀တို့ တစ်စီးနှင့်တစ်စီး ဆင့်ကဲ တိုက်မှုဖြစ်ပွားခဲ့သောကြောင့် လူသုံးဦးသေဆုံးရပြီး ၂၀ ခန့်ဒဏ်ရာရှိသွားကြောင်း ကယ်ဆယ်ရေးအဖွဲ့များ ထံမှလာသောသတင်းကဆိုသည်။

ထိုယာဉ်တိုက်မှုသည် လစ္စဘွန်းမြို့၏ မြောက်ဘက် ၅၅ကီလိုမီတာ အကွာရှိ ကာတက်ဆိုမြို့အနီးအဝေးပြေးလမ်းမကြီးပေါ်တွင် ဖြစ်ပွားခြင်းဖြစ်သည်။ ထိုလမ်းသည် နိုင်ငံ၏ တောင်ပိုင်းနှင့်မြောက်ပိုင်းကိုဆက်သွယ်ပေးထားသော အဓိကလမ်းမကြီးဖြစ်သည်။ ယာဉ်တိုက်မှုဖြစ်ပွားချိန်တွင် မြူများထူထပ်စွာ ကျဆင်းနေသည့် အတွက် မြင်ကွင်းမကောင်းသောကြောင့် ယာဉ်တိုက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုကြောင့် အဝေးပြေးလမ်းမကို နာရီအတန်ကြာပိတ်ထားခဲ့ရသည်။

အင်တာနက်။

အာဖဂန်တွင် မြေမြှုပ်မိုင်း ပေါက်ကွဲ ပေါ်တူဂီတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

လစ္စဘွန်း နိုဝင်ဘာ ၁၉

ပေါ်တူဂီတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် စစ်ဘက်ယာဉ်တစ်စီးသည် အာဖဂန်နစ္စတန်နိုင်ငံတွင် သောကြာနေ့က မြေမြှုပ်မိုင်းနင်းမိရာ ပေါ်တူဂီတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားသုံးဦး ထိခိုက်ဒဏ်ရာရရှိကြောင်းဖြင့် ကာကွယ်ရေးဝန်ကြီး လူထွစ်အမာနီက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ဖြို့တော်ကာဘူးတွင် ပုံမှန်ကင်းလှည့်နေစဉ် ပေါ်တူဂီတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးရသည့် ဖြစ်ရပ်သည် ပထမဆုံးအကြိမ် ပေါ်ပေါက်ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပေါ်တူဂီတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးရခြင်းသည် မြေမြှုပ်မိုင်းနင်းမိ၍ သေဆုံးရခြင်းဖြစ်သည်ဟု အမာနီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ယင်းဖြစ်ရပ်ကြောင့် တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားပြီး စိုးရိမ်ရသည့် အခြေအနေရှိကာ အခြားတပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာအနည်းငယ်စီ ရရှိသွားခဲ့သည်။

ပေါ်တူဂီတပ်ဖွဲ့ဝင် ၂၀၀ ခန့်အာဖဂန်နစ္စတန်တွင် ဖြန့်ကြက်ထားပြီး ကာဘူးဖြို့တော် လေဆိပ်တွင် တာဝန်ယူအုပ်ချုပ်နေရသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ကာလိဖိုးနီးယားပြည်နယ် ဗင်တူရာဖြို့အနီးတွင် တောမီးလောင်ကျွမ်းနေသည်ကို နိုဝင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာရွေးကောက်ပွဲ မဟိန္ဒာရာဂျာပတ်ဆေး အနိုင်ရကြောင်းကြေညာ

ကိုလံဘို နိုဝင်ဘာ ၁၉

သီရိလင်္ကာ ဝန်ကြီးချုပ်နှင့် အာဏာရပါတီ၏ သမ္မတလောင်း မဟိန္ဒာရာဂျာပတ်ဆေးသည် ကြာသပတေးနေ့က ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိကြောင်း သီရိလင်္ကာ ရွေးကောက်ပွဲကော်မရှင်က သောကြာနေ့တွင် ထုတ်ပြန် ကြေညာသည်။

မဟိန္ဒာ ရာဂျာပတ်ဆေးသည် မဲအရေအတွက် ၉ ဒသမ ၈၂သန်းရှိသည့်အနက် ထောက်ခံမဲ ၄၈၈၁၅၂၆ဝ၊ သို့မဟုတ် ထောက်ခံမဲ ၅၀ ဒသမ ၂၉ ရာခိုင်နှုန်း ရရှိကြောင်း၊ ၎င်း၏ အဓိက ပြိုင်ဘက် ရာနီးလ်ဝီ ကရီမက်ဆင်းဟာမှာမူ ထောက်ခံမဲ ၄၇၀၆၃၆၆ မဲ ရရှိကြောင်း ရွေးကောက်ပွဲ ကော်မရှင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မုသာဝါဒနဲ့ စီးပွားရေးပိတ်ဆို့မှုကို တပည့်မွေးလက်နက်အဖြစ်သုံးမည့်အစား

ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားရဲ့အဆိုအရ ကမ္ဘာပေါ်မှာ ဘယ်တန်ခိုး အင်အားကမျှ တားဆီးမရနိုင်တဲ့ တရားတစ်ရပ်ရှိတယ်။ အဲဒါကတော့ ကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်မှုနဲ့အညီ ကုန်လုပ်ဆက်ဆံရေးတွေ လိုက်ပါပြောင်းလဲရတယ် လို့ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

ဒီမိုကရေစီဆိုတာ လူ့အခွင့်အရေးတွေဖြစ်သလို ကုန်လုပ်ဆက်ဆံရေး အသွင်တွေလဲ ဖြစ်ပါတယ်။ ဒီလူ့အခွင့်အရေးတွေဟာ ဈေးကွက် စီးပွားရေးဆိုတဲ့ ရောင်းကုန်ထုတ်လုပ်ရေး တိုးတက်ဖြစ်ပေါ်မှုအပေါ် အခြေခံပြီး တိုးတက်လာတဲ့ ကုန်လုပ်စွမ်းအားစုတွေနဲ့အညီ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှုဆိုတဲ့ လူ့အခွင့်အရေးတွေ တိုးတက်လာတာ ဖြစ်ပါတယ်။

ဥပမာ- ယနေ့ကမ္ဘာကြီးမှာ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသော ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေက ပြည်သူတွေဟာ ခေတ်နောက်ကျ တိုင်းပြည်တွေက ပြည်သူတွေထက် စီးပွားရေး ဒီမိုကရေစီဖြစ်တဲ့ လုပ်ခလစာတွေ၊ လူမှုဖူလုံရေးတွေ၊ အသက်အာမခံတွေ၊ ပင်စင်လစာတွေ တိုးတက်ရရှိနေသလို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနဲ့ အမျိုးသား စည်းလုံးညီညွတ်မှုတွေ တိုးတက်ကောင်းမွန်နေတဲ့အတွက် နိုင်ငံရေး ဒီမိုကရေစီဖြစ်တဲ့ ရေးသား၊ ရိုက်နှိပ်၊ ဟောပြော၊ စည်းဝေး၊ စည်းရုံးခွင့်တွေဟာလဲ လွတ်လပ်မှုတွေ ပိုမိုရရှိဖြစ်တည်နေပါတယ်။

ဒါကြောင့်"လွတ်လပ်မှုဟာ ချမ်းသာကြွယ်ဝမှုနဲ့ ဒွန်တွဲနေတယ်"လို့လဲ ဆိုရိုးရှိပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင် တိုးတက်ရေးမှာ ဆန့်ကျင်ဘက် ဒီမိုကရေစီဖော်ဆောင်ရေး လမ်းစဉ်နှစ်ခု ကွဲလွဲတည်ရှိနေပါတယ်။

တစ်ခုက အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ စိတ်ကူးယဉ် လက်ယာ အချောင်သမား ဒီမိုကရေစီဝါဒဖြစ်တယ်။ ဒီအယူအဆ ကတော့ တပ်မတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် သတ်မှတ်ပြီး တပ်မတော်အစိုးရပြုတ်ကျပြီး NLDအာဏာရရှိရေးကို ဒီမိုကရေစီရေးလို့ ခံယူလုပ်ဆောင်နေတဲ့ အယူအဆဖြစ်တယ်။

ဒီအခြေခံ ခံယူချက်အမြင်အရ တစ်ဖက်မှာ တပ်မတော်အစိုးရက ဈေးကွက်စီးပွားရေးကို ဖွင့်လှစ်ဖော်ဆောင်ပေးပြီး ရွေးကောက်ပွဲ ကျင်းပပေးခဲ့ခြင်း၊ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးဆိုင်ရာ အမျိုးသားညီလာခံ ကျင်းပပေးခြင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (ဒီမိုကရေစီဖော်ဆောင်ရေးလမ်းညွှန်မြေပုံ)ကို ခင်းကျင်းလုပ်ဆောင်အကောင်အထည်ဖော်နေခြင်း စတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ ဒီမိုကရေစီရေး လုပ်ဆောင်နေမှုတွေဖြစ်တယ်။

အခြားတစ်ဖက်က နိုင်ငံတကာရဲ့ တောင်းဆို ဖိအားပေးမှုတွေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ဖိအားပေးမှုနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိဘဲ NLD ကို အာဏာလွှဲပေးရေး၊ နိုင်ငံတကာမှစီးပွားရေးပိတ်ဆို့ ဖိအားပေးမှုတွေဖြင့် တိုင်းပြည်နဲ့ ပြည်သူတွေမှာ စီးပွားရေးတွေ ကျဆင်းကျပ်တည်းစေကာ လူထုဆူပူအုံကြွ ပေါက်ကွဲမှုတွေနဲ့ တပ်မတော်အစိုးရကို ဖြုတ်ချစေပြီး NLD အာဏာရရေးတို့ကို ကြိုးပမ်းလုပ်ဆောင်နေကြတယ်။ တပ်မတော်အစိုးရကို ဆန့်ကျင်တဲ့ ဥပဒေတွင်း၊ ဥပဒေပ၊ အနုနည်း၊ အကြမ်းနည်း လုပ်ဆောင်ချက် မှန်သမျှကို ဒီမိုကရေစီရေး လုပ်ဆောင်လှုပ်ရှားမှုတွေ အဖြစ် တစ်ဖက်စောင်းနင်း ထောက်ခံအားပေး ပူးပေါင်းလုပ်ဆောင်နေကြတယ်။

စိတ်ကူးယဉ် လက်ယာအချောင်သမား ဝါဒီတွေဟာ ဒီမိုကရေစီကို ဖန်တီးဖော်ဆောင်ရာမှာ တပ်မတော်အစိုးရပြုတ်ကျပြီး ဖွံ့ဖြိုးပြီး နိုင်ငံတွေက ဒီမိုကရေစီကျင့်ထုံးတွေကို ပုံတူကူးကျင့်သုံးရုံဖြင့် ဒီမိုကရေစီစနစ်အတွက် လိုအပ်တဲ့ ရုပ်အခြေခံတွေမရှိဘဲ ဖော်ဆောင်ဖန်တီးနိုင်တယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု (NLD ကို အာဏာလွှဲပေးရေး)ကို အရင်လုပ်ရမယ်လို့ ခံယူပြောဆို ကြွေးကြော်နေကြတယ်။

ဒီစိတ်ကူးယဉ်လက်ယာအချောင်သမား ဒီမိုကရေစီဝါဒနဲ့ ဆန့်ကျင်ဘက် ကတော့ သိပ္ပံနည်းကျ ဒီမိုကရေစီဝါဒဖြစ်တယ်။ ဒီဝါဒက လူ့အဖွဲ့အစည်း တိုးတက်မှုဆိုတာ ကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်မှုဖြစ်တယ်။ ဒီမိုကရေစီ ဆိုတဲ့ လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှုဆိုတာ ကုန်လုပ်စွမ်းအားစု တွေရဲ့ တိုးတက်လာမှုနဲ့အညီ လိုက်ပါပြောင်းလဲလာတဲ့ ကုန်လုပ်ဆက်ဆံရေး ဖြစ်တယ်။

ဒီတော့ ဒီမိုကရေစီစနစ် ဖြစ်ပေါ်တိုးတက်ဖို့ဆိုရင် ကုန်လုပ်စွမ်းအားစု တွေ တိုးတက်အောင်လုပ်ရမယ်။ ကုန်လုပ်စွမ်းအားစုတွေ တိုးတက်ဖြစ်ပေါ် စေဖို့ဆိုရင် ဈေးကွက်စီးပွားရေးတိုးတက်ဖြစ်ပေါ်အောင် လုပ်ရမယ်။

ဈေးကွက်စီးပွားရေး တိုးတက်ဖြစ်ပေါ်ရေးမှာ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးရှိရန် လိုအပ်တယ်။ ဒီအချက် တွေရှိဖို့အတွက် တည်ဆဲအစိုးရကို လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်တဲ့နည်း၊ စီးပွားရေးပိတ်ဆို့ အကျပ်ကိုင်နည်းတွေဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ဆန့်ကျင်တဲ့ လုပ်ဆောင်ချက်တွေဖြစ်လို့ ကုန်လုပ်စွမ်းအားစုတွေကို ကျဆင်း စေတဲ့လုပ်ရပ်တွေသာ ဖြစ်တယ်။ ဒါကြောင့် ဒါတွေဟာ ဒီမိုကရေစီဆန့်ကျင်ရေး လုပ်ရပ်တွေဖြစ်လို့ ဒါတွေကို လုံးဝရှောင်ရှားပြီး ငြိမ်းချမ်းတဲ့လမ်းစဉ်ကို ကျင့်သုံးရမယ်။

ငြိမ်းချမ်းတဲ့ လမ်းစဉ်ဆိုတာ တည်ဆဲအစိုးရဟာ ဘယ်အသွင်ကိုပဲ ဆောင်ဆောင် ဘယ်အခြေအနေမှာပဲရှိရှိ (နုသည်ဖြစ်စေ၊ ကြမ်းသည်ဖြစ်စေ) ကုန်လုပ်စွမ်းအားစုတွေကို ကျဆင်းစေတဲ့ လက်နက်ကိုင်အကြမ်းဖက်နည်းဖြင့် ဆန့်ကျင်တိုက်ခိုက်နည်း၊ စီးပွားရေးပိတ်ဆို့ အကျပ်ကိုင်နည်းတွေနဲ့ ဖိနှိပ် အကျပ်ကိုင် နေတာတွေကို လုံးဝမသုံးဘဲ တည်ဆဲအစိုးရရဲ့ တိုင်းကျိုး ပြည်ပြု လုပ်ဆောင်ချက်တွေကို ကာယကံမြောက်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်

ကျော်မြင့်နိုင်

အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ကာ မတူညီသေးတာတွေကို လုပ်ရင်း ဆွေးနွေး-ဆွေးနွေးရင်းလုပ် အခြေခံဖြင့် ပူးပေါင်းလုပ်ဆောင်သွားရန် ဖြစ်ပါတယ်။ ဒါဟာ ယေဘုယျအခြေခံတရား ဖြစ်ပါတယ်။

ဒီနေ့တပ်မတော်အစိုးရဟာ စီးပွားရေးဒီမိုကရေစီဖြစ်တဲ့ ဈေးကွက်စီးပွားရေးကို ဖွင့်လှစ်ပေးပြီး ကာယကံမြောက်လုပ်ဆောင် အကောင်အထည်ဖော်နေသလို နိုင်ငံရေးဒီမိုကရေစီအတွက် ဒီမိုကရေစီသမ္မတနိုင်ငံထူထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကြေညာ အကောင်အထည် ဖော်နေပါတယ်။ ဒါကြောင့် တပ်မတော်အစိုးရကို မဟာမိတ်အဖြစ် သဘောထားလက်တွဲပြီး ဈေးကွက်စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီသမ္မတနိုင်ငံဖြစ်ပေါ်လာရေးတို့ကို ပူးပေါင်းလုပ်ဆောင်သွားရန် လိုအပ်ပါတယ်။

တပ်မတော်အစိုးရဟာ စီးပွားရေးဒီမိုကရေစီဖြစ်တဲ့ ဈေးကွက်စီးပွားရေးကို ဖွင့်လှစ်ပေးပြီး ကာယကံမြောက်လုပ်ဆောင် အကောင်အထည်ဖော်နေသလို နိုင်ငံရေးဒီမိုကရေစီအတွက် ဒီမိုကရေစီသမ္မတနိုင်ငံ ထူထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကြေညာ အကောင်အထည်ဖော်နေပါတယ်။ ဒါကြောင့် တပ်မတော်အစိုးရကို မဟာမိတ်အဖြစ် သဘောထားလက်တွဲပြီး ဈေးကွက်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီသမ္မတနိုင်ငံ ဖြစ်ပေါ်လာရေးတို့ကို ပူးပေါင်းလုပ်ဆောင်သွားရန် လိုအပ်ပါတယ်။

ဒါကို လက်ခံလိုက်နာ ကျင့်သုံးမယ်ဆိုရင် ဒီနေ့တပ်မတော်အစိုးရကို ဥပဒေပနည်း(လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်တဲ့နည်း)နဲ့ ပြည်ပမှ နိုင်ငံတကာလည်းပြီး တပ်မတော်အစိုးရဆန့်ကျင်ဖြုတ်ချရေး လုပ်ဆောင်နေမှုတွေ)ကို စွန့်လွှတ်ကြောင်း တိုင်းသိပြည်သိကြေညာလုပ်ဆိုင်းရန် လိုအပ်သလို ပြည်တွင်း ပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီတွေကလဲ စီးပွားရေး၊ နိုင်ငံရေး ပိတ်ဆို့ဖိအား ပေးမှုတွေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမဲ့ အာဏာလွှဲပေးရေး ဖိအားပေးရန် တောင်းဆိုနေမှုတွေ၊ ပြည်တွင်းမှာ စီးပွားရေးတွေကျဆင်းကျပ်တည်းစေမှုဖြင့် လူထုဆူပူအုံကြွပေါက်ကွဲစေမှုဖြင့် အာဏာရယူရေးကြိုးပမ်းနေမှုတွေကို စွန့်လွှတ် ရပ်ဆိုင်းကြောင်း ကမ္ဘာသိကြေညာပြီး တပ်မတော်အစိုးရနဲ့ လက်တွဲ ပူးပေါင်း လုပ်ဆောင်ရေးဟာ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးမှာ ဝေဒနာပွန်းတီးမှု လုံးဝမရှိတဲ့ ငြိမ်းချမ်းတဲ့ ဒီမိုကရေစီဖော်ဆောင်ရေး လမ်းစဉ်ပဲဖြစ်ပါတယ်။

သို့သော် ယနေ့မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးမှာ ပြည်တွင်း၊ ပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီတွေဟာ ဒီလိုတိုင်းပြည်နဲ့ပြည်သူတွေကိုရော မိမိတို့ကိုယ်တိုင်အတွက်ပါ ဝေဒနာပွန်းတီးမှုလုံးဝမရှိတဲ့ ငြိမ်းချမ်းတဲ့လမ်းစဉ်ကို ဆန့်ကျင်ငြင်းဆန်ကာ နိုင်ငံတော်အာဏာကို မိမိတို့ပါတီကသာ အကြွင်းမဲ့ ပိုင်စိုးနိုင်ရေးကို ရှေးရှုကြိုးပမ်းနေကြပါတယ်။ အလားတူပဲ အမေရိကန် အစိုးရရှေ့ဆောင်တဲ့ အနောက်အုပ်စုကလဲ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာ တပ်မတော်ပါခဲ့သော် မြန်မာနိုင်ငံအစိုးရဟာ ၎င်းတို့အလိုကျ ဩဇာခံအစိုးရ ဖြစ်မလာနိုင်တဲ့အတွက် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှာ တပ်မတော်မပါနိုင်ရေးကို ရှေးရှုပြီးတပ်မတော်အစိုးရရဲ့ ကာယကံမြောက် ဒီမိုကရေစီဖော်ဆောင်ရေး၊ စီးပွားရေး၊ နိုင်ငံရေးလုပ်ရပ်တွေကို လုံးဝ အသိအမှတ်မပြုနိုင်ဘဲ ဖြစ်နေတာ ဖြစ်ပါတယ်။ ဒါ့အပြင် တပ်မတော် အစိုးရရဲ့ တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်တွေကိုလဲပဲ အာဏာရှင်အစိုးရ သက်ဆိုးရှည်ရေးလုပ်ရပ်တွေအဖြစ် ရှုမြင်ကာ တပ်မတော်အစိုးရကို ဆန့်ကျင်တဲ့ ဥပဒေတွင်း၊ ဥပဒေပ လုပ်ရပ်မှန်သမျှကို ဒီမိုကရေစီရေးလုပ်ဆောင်လှုပ်ရှားမှု တွေအဖြစ် ပြောင်ပြောင်တင်းတင်း ထောက်ခံအားပေးနေကြပါတယ်။

တပ်မတော်အစိုးရကို ကမ္ဘာနဲ့ မြန်မာပြည်သူတွေက အမြင်လွဲမှား ဆန့်ကျင်လာအောင် အနောက်အုပ်စုဝါဒဖြန့်ချိရေး(မီဒီယာ)လောကကလဲ မဟုတ်မမှန်လုပ်ကြံမှုမျိုးစုံနဲ့ ထိုးနှက်နေတယ်။ အင်္ဂလိပ်နယ်ချဲ့ ကိုလိုနီ လက်အောက်မှာ နှစ်ပေါင်း ၁၂၃နှစ်တိုင် သွေးစုပ်ခြယ်လှယ်ခံခဲ့ရတဲ့အပြင် ဒုတိယကမ္ဘာစစ်နဲ့ ဖက်ဆစ်စနစ်ရဲ့ဒဏ်ကို သုံးနှစ်သုံးမိုးခံခဲ့ရလို့ တိုင်းပြည် ပြာပုံဖြစ်ပြီး ပြည်သူတွေဆင်းရဲတွင်းနက်ခဲ့ရပါတယ်။ ၁၉၄၈ခုနှစ်မှာ လွတ်လပ်ရေး ရခဲ့သော်လဲ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာတဲ့ ရောင်စုံသောင်းကျန်း မှုတွေကြောင့် နိုင်ငံတော် တည်ဆောက်ပြုပြင်ရေးကို နှစ်ပေါင်း ၄၀ကျော် မလုပ်နိုင်ခဲ့ဘဲ ဖြစ်ခဲ့ရပြန်ပါတယ်။ ၁၉၈၈ခုနှစ်မှာ တပ်မတော်အစိုးရက နိုင်ငံတော်တာဝန်ကို ယူလာပြီးကာမှ ဈေးကွက်စီးပွားရေးနဲ့ပါတီစုံစနစ်ကို ချမှတ်လုပ်ဆောင် အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီလိုအခြေအနေမှာ ပြည်တွင်းပြည်ပမှ စီးပွားရေးဖိအားပေး နှောင့်ယှက်မှုမျိုးစုံကို ရင်ဆိုင်ပြီး နိုင်ငံတော်ကို တည်ဆောက်ပြုပြင်ခဲ့ရတာဖြစ်လို့ တိုင်းပြည်နဲ့လူမျိုးအတွက် လိုအပ်ချက်အားလုံး မပြည့်စုံမှုတွေ ရှိနေသေးတာကို စစ်အာဏာရှင်စနစ်အုပ်စိုးမှု ကြောင့် ဖြစ်ပေါ်ရတဲ့ အနိဋ္ဌာရုံတွေ ဖြစ်လေဟန် ပုံကြီးချဲ့ဝေဖန်ထိုးနှက် တိုက်ခိုက်မှုတွေ လုပ်နေကြပါတယ်။

ဒီအထဲမှာ ၁၃-၉-၂၀၀၅ ရက်နေ့ အမေရိကန်ကွန်ဂရက်သို့ သမ္မတ ဘုရှ်ရဲ့ မူးယစ်ဆေးဝါးဆိုင်ရာတင်ပြအစီရင်ခံချက်မှာ မြန်မာနိုင်ငံဟာ နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး သဘောတူညီချက်တွေကို လိုက်နာဖို့ ပျက်ကွက် တယ်လို့ပြောဆိုတင်ပြချက်ဟာလဲ မဟုတ်မမှန် လုပ်ကြံပြောဆိုမှု တစ်ခုသာ ဖြစ်နေပါတယ်။

ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပြဿနာဟာ မြန်မာများနဲ့ တပ်မတော်အစိုးရက ဖန်တီးဖော်ဆောင်ခဲ့တာမဟုတ်ဘဲ အင်္ဂလိပ် ကိုလိုနီနယ်ချဲ့က စတင်ဖန်တီးဖော်ဆောင်ပေးခဲ့တဲ့ အမွေဆိုးသာဖြစ်ပါတယ်။ ဒါ့အပြင် အမေရိကန်အစိုးရက ကွန်မြူနစ်တရုတ်ပြည် ဆန့်ကျင်ရေးအတွက် တရုတ်ပြည်မှ ဆုတ်ခွာလာတဲ့ တရုတ်ဖြူတပ်တွေ မြန်မာပြည်ထဲမှာ ကျူးကျော်ပြီး ခြေကုပ်ယူနေနိုင်ရေးအတွက် ကူညီထောက်ပံ့အားပေးမှုတွေဟာလဲ မူးယစ်ဆေးဝါး ပြန့်ပွားအားကောင်းလာရေးမှာ အထောက်အကူတွေဖြစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံ အစိုးရအဆက်ဆက်ဟာ ပြည်တွင်းရောင်စုံ သောင်းကျန်းမှုတွေ ကြောင့် ၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီအစိုးရ တက်မလာခင်ကာလ တစ်လျှောက်လုံးမှာ ဘိန်းပပျောက်ရေးကို ဘာမှထိထိရောက်ရောက် မလုပ်နိုင်ဘဲ ၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရတက်လာပြီးမှ ရောင်စုံသောင်းကျန်းသူ တွေ တစ်စတစ်စ ကျဆင်းအင်အားနည်းလာတာနဲ့အညီ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ၁၉၈၈ခုနှစ် တပ်မတော်အစိုးရ တာဝန်ယူပြီးနောက်မှသာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နဲ့ ငြိမ်းချမ်းရေးရယူနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အားသွန် ခွန်စိုက်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံက ၂၀၁၅ခုနှစ်မှာ မူးယစ်ဆေးဝါး ထုတ်လုပ်မှု လုံးဝပပျောက်ရန် စီမံချက်ဖြင့် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဘိန်းစိုက်ပျိုးရေးဟာ အင်္ဂလိပ်ကိုလိုနီဘဝမှ ၁၉၈၈ကာလလောက် ရောက်ချိန်အထိ နှစ်ပေါင်း၁၈၀ကျော် ကာလတစ်လျှောက် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးစုတွေရဲ့ အဓိကအသက်မွေးဝမ်းကျောင်း စီးပွားရေးဖြစ်ခဲ့ရတဲ့ အတွက် ဘိန်းပပျောက်ရေးကို ဖိနှိပ်ပိတ်ပင်မှု တစ်ခုတည်းဖြင့် မရနိုင်ဘဲ အပြုပိုင်းဖြစ်တဲ့ အစားထိုးစီးပွားရေးလုပ်ငန်းတွေ ထူထောင်ပေးရန်လဲ လိုအပ်နေပါတယ်။သို့သော် တပ်မတော်အစိုးရဟာ"ဘဲအုပ်က တစ်ရာနှစ်ရာ မဖေဒါကတစ်ပင်တည်း"ဆိုသလို နိုင်ငံတော်တည်ဆောက်ပြုပြင်ရေးလိုအပ် ချက်တွေက အများအပြားရှိနေပြီး စီးပွားရေး ခေတ်နောက်အကျဆုံးတိုင်းပြည် တစ်ပြည်ရဲ့ ရသလောက်ဝင်ငွေလေးနဲ့ နိုင်ငံတော်တည်ဆောက်ပြုပြင်မှုတွေကို ပုံအောပြီးလုပ်ခဲ့ရသလိုဘိန်းပပျောက်ရေးနဲ့နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး တွေကိုလဲ ကွက်လပ်လုံးဝမကျန်အောင် ကြိုးစားလုပ်ကိုင်ခဲ့ရတယ်။

ဒါပေမယ့် တပ်မတော်အစိုးရဟာ ၁၇နှစ်တာကာလအတွင်းမှာ ဘိန်းစိုက် ဧက ၆၁၅၆၂ဧကမှ ၂၀၅၇ဧကအထိ ကျဆင်းသွားစေခဲ့ပါတယ်။ ဘိန်းစိုက်ဧက ၁၆၃၇၅၃ဒသမ၈၉ဧက ဖျက်ဆီးနိုင်ခဲ့တယ်။ ဘိန်းမျိုးစေ့ ၁၀၀၂၅၇ ဒသမ၅၇ ပြည်ကို ပြည်သူတွေက နိုင်ငံတော်အစိုးရထံ အပ်နှံလို့ ဖျက်ဆီးနိုင်ခဲ့တယ်။ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးတွေကို ရန်ကုန်မြို့တွင် (၁၉)ကြိမ်၊ ပြည်နယ် တိုင်းများတွင်(၃၂)ကြိမ် မီးရှို့ဖျက်ဆီးခဲ့တယ်။ ဘိန်းအစားထိုးသီးနှံ နှစ်ချင်း သီးနှံဧက ၁၂၉၀၀၆၅ဧက၊ နှစ်ရှည်သီးနှံ ၁၄၀၀၈၈ဧက စိုက်ပျိုးထူထောင်ပေး နိုင်ခဲ့ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

● **ရာနှုန်းပြည့်မှ**

ကြက်ဆူပင်များ စိုက်ပျိုးထားရှိမှု၊ အသားတိုးဝက်၊ ငါး၊ ကြက်၊ ကျွဲ၊ နွားနှင့် ဆိတ်များမွေးမြူထားရှိမှု၊ တပ်ရင်းတပ်ဖွဲ့များ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် မြေယာဖော်ထုတ်မှု၊ ကြိုဂံဒေသတိုင်းစစ်ဌာနချုပ်အတွင်း တပ်ရင်းတပ်ဖွဲ့များ၌ ရော်ဘာပင် နှစ်သိန်းကျော်ပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ပုံစံဇယားကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း အောင်မြင်ရေးအတွက် တပ်ရင်းတပ်ဖွဲ့အလိုက်တာဝန်ပေး သတ်မှတ်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသနှင့်ကိုက်ညီသော မျိုးများကိုသာ မျိုးသီးသန့် ရွေးချယ်စိုက်ပျိုးသွားရန်၊ တစ်ချိန်တည်း၌ စိုက်ပျိုးရေး သုတေသနများပါ ပြုလုပ်သွားကြရန်၊ ဒေသခံတိုင်းရင်းသား တောင်သူများအား စံနမူနာပြ စိုက်ပျိုးမွေးမြူရေး ပညာပေးစခန်းအဖြစ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးမွေးမြူရေးခြံအတွင်း Neo Brown ကြက်မျိုးအကောင် ၅၆၀ မွေးမြူထားရှိမှုနှင့် ဒေသကြက်များ မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဘက်စုံခြံအတွင်းရှိ ရော်ဘာပျိုးခြံသို့ရောက်ရှိကြပြီး T-774 ရော်ဘာမျိုး၊ GT-1 ရော်ဘာမျိုးနှင့် PRIM ရော်ဘာမျိုး ကိုင်းကူးရော်ဘာပင် ၅၉၅၀ ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မက်မန်းမြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆိုပါ စိုက်ပျိုးမွေးမြူရေးခြံတွင် ရွှေရင်အေးမျိုး မိုးစပါးဧက ၂၀၊ ရော်ဘာဧက ၃၀၊ စိန်တလုံး သရက်အပင် ၆၇၀၊ ဟော်လန်သံပရာအပင် ၄၅၀ စိုက်ပျိုးထားရှိပြီး ကြက်ဆူပင်ကို တပ်ရင်းတပ်ဖွဲ့တစ်ခုလျှင် တစ်ဧကနှုန်း စိုက်ပျိုးသွားမည်ဖြစ်သည်။

မွေးမြူရေး လုပ်ငန်းအနေဖြင့် အသားတိုးဝက်အကောင် ၁၂၀၊ ငါးကောင်ရေ ၂၄၀၀၀၀၊ ဒေသကြက် Neo Brown ကြက်၊ ကျွဲ၊ နွားနှင့် ဆိတ်များ မွေးမြူထားရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ကျိုင်းတုံ လေဆိပ်သို့ရောက်ရှိကြပြီး တပ်မတော် ရဟတ်ယာဉ်ဖြင့် ကျိုင်းတုံ၊ တုံတာ၊ တာကော်လေး၊ မိုင်းပြင်း၊ ဝမ်ကောင်ဟောင်း၊ ပန်မလောက်နှင့် လုံနောက် ဒေသတို့၏ သဘာဝသစ်တောများ၊ စိုက်ပျိုးရေးလုပ်ငန်းများအခြေအနေကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီခွဲတွင် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၂၀၀ ကျော်ရှိ တောင်ပေါ်မြို့သစ်ဖြစ်သော မက်မန်းမြို့သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား မက်မန်းမြို့နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး ဥက္ကာ၊ မြို့အုပ်ချုပ်ရေးမှူး ဦးမောင်သာမြနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မက်မန်းမြို့ မင်းရန်အောင်ခန်းမသို့ရောက်ရှိပြီး မက်မန်းမြို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲ အခမ်းအနားတွင် ရှေးဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးမောင်သာမြက မက်မန်းမြို့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝန်ထမ်းအင်အား အခြေအနေနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

အဆင့်တိုးမြှင့်

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း စီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိသည် မက်မန်းဒေသရှိ တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းမှာကြား ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်အကြီးအက်၏ ကိုယ်စားလာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် မက်မန်းဒေသအား ဖွံ့ဖြိုးတိုးတက်စေလို၍ မြို့အဖြစ် အဆင့်တိုးမြှင့်ပေးပြီး စိုက်ပျိုးရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ အတော်အသင့် ဖြစ်ထွန်းအောင်မြင် တိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ နယ်မြေဖွံ့ဖြိုးရေးလုပ်ဆောင်ရာ၌ ဖြည့်ဆည်းပေးရန်များရှိက ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြစေလိုကြောင်း။

ဒေသရောက်ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်ကချမှတ်ပေးထားသော လုပ်ငန်းစဉ် စီမံကိန်းလျာထားချက်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် တက်ညီလက်ညီပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ယခင်က ဒေသဝမ်းစာမဖူလုံသော ဒေသအဖြစ်မှ ဒေသဝမ်းစာ ဖူလုံရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ သဘာဝမြေသြဇာအပြည့်အဝသုံးစွဲရေး၊ ရေတော်မိုးတော်ဖြစ်ရေးတို့ကို သက်ဆိုင်ရာဌာနများက အလေးထား စနစ်တကျ ကြပ်မတ်စီစဉ်ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ အထူးအထွက်ကောင်းမျိုးစပါးအလုံအလောက် စိုက်ပျိုးထုတ်လုပ်ဖြန့်ဝေပေးကာ ဒေသခံတောင်သူများက လက်ခံယုံကြည် စိုက်ပျိုးလာကြစေရန် ဖြစ်ထွန်းအောင်မြင်မှုများ လက်တွေ့ပြသ စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မက်မန်းမြို့တွင် စပါး ၈၄၆၁ ဧကစိုက်ပျိုးခဲ့ပြီး ဒေသဝမ်းစာ ဖူလုံမှုမှာ ၈၀ ရာခိုင်နှုန်းရှိကြောင်း သိရှိရသဖြင့် ရာခိုင်နှုန်းပြည့် ဒေသဝမ်းစာ ဖူလုံရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသခံတောင်သူများ အပိုဝင်ငွေတိုးပွားစေနိုင်မည့် လက်ဖက်နှင့် ဒေသနှင့်ကိုက်ညီသည့် အခြားစီးပွားရေးတွက်ခြေကိုက်သည့် သီးနှံများ တိုးချဲ့စိုက်ပျိုးရေး နည်းလမ်းရှာပြီး ဒေသခံပြည်သူများ စားဝတ်နေရေး ပိုမိုပြည့်စုံဖူလုံလာအောင် ကြိုးစားအားထုတ်ပေးစေလိုကြောင်း။

အသေးစားလုပ်ငန်းတိုးချဲ့

သမဝါယမ ဦးစီးဌာနအနေဖြင့် အခြေအနေပေးသည်နှင့်အမျှ ဒေသအတွင်း အိမ်တွင်းစက်မှုလက်မှုအသေးစားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ပညာရေးဌာန တာဝန်ရှိသူများက နောင်မျိုးဆက်သစ် လူငယ်များဖြစ်သည့် ဒေသခံတိုင်းရင်းသား ရင်သွေးငယ်များအား ဒေသက အားကိုးအားထားပြုနိုင်ပြီး မိမိဒေသမှာပင် ပြန်လည်အကျိုးပြု တာဝန်ထမ်းဆောင်နိုင်ကြမည့် အသိပညာ အတတ်ပညာနှင့် ပြည့်စုံသော ပညာတတ်လူငယ်များ ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းလေ့ကျင့် ပြုစုပျိုးထောင်ပေးကြရန် အထူးမှာကြားလိုကြောင်း။

ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးမှာလည်း ယခင်ထက် တိုးတက်ကောင်းမွန်လာပြီဖြစ်ရာ ဌာနဆိုင်ရာများက ခရီးသွားလာဆောင်ရွက်ကြရာတွင် မိမိတာဝန်ကျဒေသ၏ လုပ်ငန်းတာဝန်များကို အချိန်ကြာမြင့်စွာ လစ်ဟင်းမှုမရှိစေရေးနှင့် စည်းကမ်းတကျ ရှိရေးတို့ကို တာဝန်ရှိသူအသီးသီးက အထူးဂရုပြုအလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံချုပ်အားဖြင့် ဒေသခံ ဌာနဆိုင်ရာဝန်ထမ်းများသည် မိမိတာဝန်ကျရာဒေသကို မိမိဇာတိသဖွယ် သဘောထားကာ မိမိရောက်ရှိ တာဝန်ထမ်းဆောင်ချိန်အတွင်း ဒေသအကျိုး၊ နိုင်ငံအကျိုးကို ရှေးရှုပြီး စေတနာအပြည့်ဖြင့် အားသွန်ကြိုးပမ်းထမ်းဆောင်ကြရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်အတူ လက်တွဲညီညီ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရပ်သိမ်းသည်။

နှုတ်ဆက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မက်မန်းမြို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

မက်မန်းမြို့သည် ဧရိယာစတုရန်းမိုင် ၁၁၆၈ ဒသမ ၂၃ မိုင် ကျယ်ဝန်းပြီး ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု ၂၈ အုပ်စု၊ ကျေးရွာပေါင်း ၂၀၃ ရွာဖြင့် ဖွဲ့စည်းထားရှိပြီး လူဦးရေ ၃၃၀၉၆ နေထိုင်လျက်ရှိသည်။ မြေယာအသုံးချမှုအနေဖြင့် လယ် ၁၂၇၄ ဧက၊ ယာ ၃၄၄၅ ဧက၊ ဥယျာဉ် ၁၈ ဧက၊ တောင်ယာ ၅၂၃၅ ဧက စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မက်မန်းမြို့မှ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများနှင့် သတင်းစာများ၊ ထောက်ပံ့ငွေများကို မြို့အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

လှည့်လည်စစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မက်မန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးသိုလှောင်ခန်း၊ ပြင်ပလူနာဌာနနှင့် နေရောင်ခြည်သုံးဆိုလာခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးရာတွဲဖက်ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မက်မန်းမြို့အတွင်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ ရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးပြီး မြို့၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မက်မန်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိကြပြီး တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဒေသနေတိုင်းရင်းသား ပြည်သူများ၏ ဘဝတိုးတက်မြင့်မားရေးအတွက် လူသားအရင်းအမြစ်ဖြစ်သည့် ပညာတတ်လူငယ်များ ပေါ်ထွန်းလာရေးကို ဆရာ၊ ဆရာမများအနေဖြင့် တွန်းအားပေးဆောင်ရွက်ကြရန်နှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုးစားသင်ယူသွားကြရန် မှာကြားပြီး ဒသမတန်းကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မက်မန်းမြို့ လွယ်ဟိုလာရိပ်သာသို့ ရောက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် မက်မန်းမြို့မှ လွယ်ဟိုလာဒေသ၊ ကြက်ဥတောင်ဒေသတို့၏ လှေကားထစ်တောင်ယာစနစ်ဖြင့် စပါးများ စိုက်ပျိုးထားရှိမှုနှင့် မြေပြန့်လွင်ပြင်များတွင် ဆောင်းသီးနှံ စိုက်ပျိုးရန် မြေပြုပြင်ထားရှိမှုတို့ကိုလည်းကောင်း၊ မိုင်းယန်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

အေပက်မှာ အဖြေထွက်ခဲ့သော အာဆီယံ၏ ခိုင်မြဲသည့်သဘောထား

* အရှေ့တောင်အာရှ ဖွဲ့စည်းကြသွင်မူဟန်၊
* အဖွဲ့ဝင်နိုင်ငံချင်း ညီကိုအရင်းပုံသဏ္ဍာန်။
* သူ့နိုင်ငံသူ့အရေး မစွက်ရေးအခြေခံကာ စေတနာပြန်လှန်ထားကာပ မေတ္တာများစုံပြည့်လျှံ ကောင်းဖို့ရန်ကူညီသွား၊
* အာဆီယံညီနောင်ချင်းတွေက ဖဲ့ထုတ်ခြင်း လက်မခံပါ အင်အားကြီးနိုင်ငံဟာ အေပက်စုံညီလာ၌ မြန်မာကိုဖဲ့ထုတ်ရေးတွက် စွက်ဖက်သူဆိုလာတော့ ငြင်းပယ်တာခါးခါးသီး အရှက်ကြီးရှက်သွား။ ။

မေရှ

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

တပ်မတော်အစိုးရနဲ့ ဒေသခံတိုင်းရင်းသားတွေ ပူးပေါင်းလုပ်ဆောင်ပေးမှုတွေကြောင့် ဘိန်းစိုက်ပျိုးရေး နှစ်စဉ်လျော့နည်းကျဆင်းကြောင်းကို ကုလသမဂ္ဂမူးယစ်ဆေးဝါးပပျောက်ရေးအဖွဲ့နှင့် အမေရိကန်မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့တို့က စာရင်းဇယားများနှင့်တကွ ထောက်ခံတင်ပြနေသော်လဲ အမေရိကန်အစိုးရနှင့် နိုင်ငံခြားရေးဌာနတို့က အသိအမှတ်မပြုရုံမက မြန်မာနိုင်ငံဟာ ဘိန်းဒုတိယအများဆုံး စိုက်ပျိုးတဲ့တိုင်းပြည်ဖြစ်တယ် ဆိုတာမျိုး၊ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးမှာ တာဝန်မကျေဘူးဆိုတာ မျိုးတွေနဲ့ မြန်မာနိုင်ငံအစိုးရကို မတော်မတရား မမှန်မကန် အမြဲတမ်း ဝေဖန်စွပ်စွဲလေ့ရှိပါတယ်။

ဒါရဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ အမျိုးသား နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်ပါဝင်မှုဟာ မြန်မာနိုင်ငံအစိုးရကို ၎င်းတို့သြဇာခံအစိုးရအဖြစ် ဖန်တီးမရနိုင်ကြောင်း သိရှိနေမှုကြောင့် အမျိုးသား နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာ တပ်မတော်မပါနိုင်ရေးနဲ့ တပ်မတော် အစိုးရပြုတ်ပြီး NLD အာဏာရရှိရေးတို့ပဲ ဖြစ်ပါတယ်။

အမှန်ကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာဖြစ်တဲ့ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးမှာ ကိုလိုနီအုပ်စိုးခံဘဝ၊ ဒုတိယကမ္ဘာစစ်နဲ့၊ ဖက်ဆစ်အုပ်စိုးမှု၊ တိုင်းရင်းသားဓနရှင် လူတန်းစားကို ရန်သူအဖြစ်ရှမြင်သတ်မှတ်ပြီး အရင်းရှင်စနစ်တိုက်ဖျက်ရေး၊ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး၊ လက်ဝဲအချောင်သမား ဆိုရှယ်လစ်ဝါဒ အမြင်တွေနဲ့ ဆန့်ကျင်ခဲ့မှုတွေပေါင်းဆုံပြီး တိုင်းရင်းသား ဓနရှင်လူတန်းစား ခေါင်းဆောင်မှုမရှိ ဖြစ်ခဲ့ရတဲ့ သမိုင်းပေး အခြေအနေအရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်မပါဘဲ ဒီမိုကရေစီ ဖော်ဆောင်တည်ဆောက်ရေးမှာ အောင်မြင်မှုနဲ့ တည်တံ့ခိုင်မြဲမှု မရနိုင်ကြောင်းကို သမိုင်းက သက်သေအထင်အရှားပြထားခဲ့ပြီး ဖြစ်ပါတယ်။ ၁၉၄၈ခုနှစ်မှာ အာဏာရလာတဲ့ ဖဆပလအစိုးရဟာ ၁၄နှစ်သာ သက်တမ်းရှည်ကြာခဲ့ပြီး ကျဆုံးကွယ်ပျောက်ခဲ့ရတဲ့ဖြစ်ရပ်က သက်သေပြခဲ့ပြီး ဖြစ်ခဲ့ပါတယ်။

ဒါကြောင့် အနောက်အုပ်စု နိုင်ငံတွေအနေနဲ့ မြန်မာ့ဒီမိုကရေစီရေး အောင်မြင်တိုးတက်ရေးနဲ့ မြန်မာနိုင်ငံတပ်မတော်အစိုးရကို မှန်ကန်တဲ့ရှမြင်သဘောထားဖြင့် ဆက်ဆံနိုင်ရေးအတွက် ဒုတိယကမ္ဘာစစ်အတွင်း ရန်သူဖြစ်ခဲ့တဲ့ နာဇီဝါဒီ၊ ဖက်ဆစ်ဝါဒီ တိုင်းပြည်တွေကိုပင် ဒုတိယကမ္ဘာစစ်အပြီး မာရှယ်စီမံကိန်းနှင့် ပူးပေါင်းဆက်ဆံဆောင်ရွက်ခဲ့မှုကြောင့် နာဇီဝါဒ၊ ဖက်ဆစ်ဝါဒတွေ ကွယ်ပျောက်ပြီး ဒီမိုကရေစီမဟာမိတ်နိုင်ငံတွေဖြစ်ခဲ့ရတဲ့ သင်ခန်းစာ၊ ထိုင်းနဲ့တောင်ကိုရီးယားနိုင်ငံတွေမှာ စစ်အုပ်ချုပ်ရေးနှင့် ဈေးကွက်စီးပွားရေး စနစ် တည်ဆောက်မှုတွေကို လက်တွဲပူးပေါင်းဆက်ဆံ ဆောင်ရွက်ခဲ့မှုတွေကြောင့် ယနေ့ကာလမှာ ဒီမိုကရေစီနိုင်ငံတွေအဖြစ်နဲ့ စီးပွားရေး၊ စစ်ရေး မဟာမိတ်နိုင်ငံတွေအဖြစ် ဆက်ဆံဆောင်ရွက်နေနိုင်တဲ့ ဖြစ်ရပ်တွေကို အလေးအနက် ပြန်လည်သုံးသပ်ပြီး သင်ခန်းစာယူသင့်ကြောင်း အသိပေးလိုက်ရပါတယ်။ ။

ကုန်စည်စီးဆင်းမှု စနစ်တကျမှန်ကန်ရန်၊ နယ်စပ်ဒေသမှတစ်ဆင့် ပုံမှန်ကုန်သွယ်မှုပွဲ ပြုံးရန်လို
ကြက်သွန်နီအပါအဝင် အမယ်သစ်သီးနှံများ စိုက်ပျိုး၊ ဒေသဝမ်းစာပူလုံမှုခိုင်မာအောင်ကြိုးစား

* ရှေ့ဖုံးမှ

မြို့နယ်ဆရာဝန် ဒေါက်တာကံပိုနှင့် သူနာပြုဆရာမများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဘူးသီးတောင်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

နံနက် ၁၀နာရီခွဲတွင် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက မြို့နယ်၏အကျယ်အဝန်း၊ လူဦးရေ၊ စိုက်ပျိုးမြေဧက စပါး၊အခြားသီးနှံများနှင့် နှစ်ရည်ပင်များ စိုက်ပျိုးဖြစ်ထွန်းမှုဒေသဝမ်းစာဖူလုံမှုနှင့် ပညာရေး၊ ကျန်းမာရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တယ်လီဖုန်းဆက်သွယ် အသုံးပြုနိုင်မှု၊ မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုတို့ကို သက်ဆိုင်ရာဌာန တာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးရန် ဘူးသီးတောင်မြို့သို့ မိမိတို့ ဦးစွာရောက်ရှိလာခြင်းဖြစ်ကြောင်း။

ဘူးသီးတောင်မြို့သို့ရောက်ရှိပြီး လှည့်လည်ကြည့်ရှုခဲ့မှုအရေရာ၊ မြို့နယ်ဥက္ကဋ္ဌ၏ တင်ပြချက်များအရပါ ဘူးသီးတောင်မြို့နယ်သည် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း မှန်ပေါ်တွင် ရောက်ရှိနေသည့် မြို့နယ်အဖြစ် မိမိတို့ မြင်တွေ့သိရှိရကြောင်း။

ဘူးသီးတောင်မြို့နယ်၌ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများသည် ဒေသ၏ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တက္ကဿသီးသီးကို ညီညီညွတ်ညွတ် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေမှုကြောင့် နယ်စပ်ဒေသ အခွန်အဖျားကျသည်မြို့ဟု သိမ်ငယ်စရာမလိုဘဲ တိုးတက်လျက်ရှိသဖြင့် ဝမ်းသာဂုဏ်ယူမိကြောင်းဖြင့် နှုတ်ဆက်မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

လိုက်လံနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘူးသီးတောင်မြို့ ပညာရေးဌာနအတွက် ဗလာစာအုပ်များနှင့် ခဲတံများကို မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းအား ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တောင်ပြိုလက်ခဲသို့ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မောင်တောမြို့နယ် တောင်ပြိုလက်ခဲမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာများ၊ ဗမာ၊ ရခိုင်၊ ခိုင်းနက်၊ မရမာကြီး၊ ချင်း စသည့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် တောင်ပြိုလက်ခဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခွဲ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ တောင်ပြိုလက်ခဲမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက တောင်ပြိုလက်ခဲမြို့ဆိုင်ရာ အချက်အလက်များနှင့် မြို့ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊ တယ်လီဖုန်းဆက်သွယ်မှု အတွက် ဖြည့်ဆည်းပေးရေး၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံတည်ဆောက်ရေး၊ ပညာရေး၊ ကျန်းမာရေး ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေး၊ ဆေးရုံခွဲစိတ်ခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးရေး စသည်မြို့ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းအားပေးမှာကြားကာ မြို့အတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် VCD ပြစက်တို့ကို မြို့အုပ်ချုပ်ရေးမှူးအား ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဗလာစာအုပ်များ၊ ခဲတံများနှင့် စားသောက်ဖွယ်ရာများကို အုပ်ချုပ်ရေးမှူး ဦးကျော်စိုးအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ပြိုလက်ခဲမြို့ ဒေသခံဘုန်းတော်ကြီးများ ဦးကျော်ဝိုးက ဗလာစာအုပ်များ၊ ခဲတံများနှင့် စားသောက်ဖွယ်ရာများကို ပြည်သူ့ကျောင်းသားများ ဦးကျော်ဝိုးအား ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်ကြသူများ ရင်းရင်းနှီးနှီး ကြိုဆိုကြသည်။

ဖူးမြော်

ယင်းနောက် မောင်တောမြို့ မြို့မပရိယတ္တိစာသင်တိုက်သို့သွားရောက်ကြပြီး မြို့မပရိယတ္တိစာသင်တိုက် ဆရာတော် မဟာဂန္ဓ ဝါစကပဏ္ဍိတ ဘဒ္ဒန္တကေတုနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မပရိယတ္တိစာသင်တိုက်၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ရှေးဟောင်း မဟာကျန်ဇုဒ္ဓရုပ်ပွားတော်အား ပန်းနှင့် သောက်တော်ရေတို့ ကပ်လှူ၍ ဖူးမြော်ကြည်ညိုသည်။

ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းတို့က လိုအပ်သည်များကို မှာကြားကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ၁၆ခုတင်ဆံ့ မောင်တော
ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများအ
အားပေးကာ ဆေးရုံကို လှည့်လည်ကြည့်ရှ
ကြသည်။

ဆက်လက်၍ မြို့နယ်ဆရာဝန် ဦးဦး
ဒေသမှ သူနာပြုဆရာမများအား တွေ့ဆုံ
အားပေးကြသည်။

ထို့နောက် မောင်တောမြို့ အခြေခံပညာ
တန်းကျောင်းသို့ သွားရောက်ကြပြီး ဆော
နှစ်ထပ်ကျောင်းဆောင်သစ်နှင့် စာသင်ဆ
ကြည့်ရှုစစ်ဆေးကြသည်။

ညနေ ၃နာရီတွင် မောင်တောမြို့ သီရိမင်
မောင်တောခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ
အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့

တွေ့ဆုံပွဲတွင် ရေးဦးစွာ မောင်တောခရိုင်
သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ
ရန်မျိုးအောင်က မောင်တောခရိုင်၏ စီးပွားရေ
ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စများကို
တင်ပြပြီး မောင်တောမြို့နယ် အေးချမ်းသာ
ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်နှင့် မြို့
ဌာနဆိုင်ရာများက မောင်တောမြို့နယ် ဖွံ့ဖြိုးတို
ဆောင်ရွက်ချက်များနှင့် ဖြည့်ဆည်းပေးရန် လို
များကို တင်ပြကြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗို
စိုးဝင်းက မောင်တောမြို့နယ်နှင့် မောင်တော
တိုးတက်ရေးအတွက် ကုန်စည်စီးဆင်းမှု
မှန်ကန်ရန် လိုအပ်ပုံ၊ နယ်စပ်ဒေသမှတစ်ဆ
ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပုံ၊ စစ်ကျ
ကြက်သွန်နီအပါအဝင် အမယ်သစ်သီးနှံများ စိုက
ဒေသဝမ်းစာဖူလုံမှု ခိုင်မာအောင် ကြိုးစားရန်
တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိရန် လို
ရှင်းလင်းမှာကြားသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မောင်တောမြို့နယ် ပညာရေးဌာနအတွက် ဗလာစာအုပ်နှင့် ခဲတံများကို မြို့နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်အား ပေးအပ်စဉ်။
(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၂၅ ခုတင်ဆံ့ ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ...
မြို့နယ်ပညာရေးဌာနအတွက် ဗလာစာအုပ်နှင့် ...
မြို့နယ် ပညာရေးမှူး ဦးအောင်သန်းမြင့်အား ...
အခမ်းအနားသို့ တက်ရောက်လာကြသူများအ...
နှီးနှီး လိုက်လံနှုတ်ဆက်သည်။

ခန်းမတည်ဆောက်

ထို့နောက် ရဟတ်ယာဉ်များဖြင့် ရသေ...
ရောက်ရှိကြပြီး ရေးဦးစွာ မေယုခန်းမတည်...
အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရခိုင...
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိ...
ရေးနှင့် စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂ...
ဦးထွန်းဝေက မေယုခန်းမ တည်ဆောက်ခြင်း...
အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ရသေတောင်မြို့ အခြေခံပ...
တန်းကျောင်းသို့ သွားရောက်ပြီး တစ်ဦးတည်း...
အလျား ၂၂၂ ပေ၊ အနံ ၇၈ပေရှိ နှစ်ထပ်ကျော...
တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး...
လုပ်ရေးတာဝန်ခံက တည်ဆောက်ရေး လုပ်...

ဆက်လက်၍ ဘဒ္ဒန္တ ကေတုအမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ၁၆ခုတင်ဆံ့ မောင်တောမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများအား ကြည့်ရှုအားပေးကာ ဆေးရုံကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ မြို့နယ်ဆရာဝန် ဦးဦးရွှေသိန်းနှင့် ဒေသမှ သူနာပြုဆရာမများအား တွေ့ဆုံနှုတ်ဆက်အားပေးကြသည်။

ထို့နောက် မောင်တောမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြပြီး ဆောက်လုပ်ဆဲ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ညနေ ၃နာရီတွင် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရန်မျိုးအောင်က မောင်တောခရိုင်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြပြီး မောင်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက မောင်တောမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တင်ပြကြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက မောင်တောမြို့နယ်နှင့် မောင်တောခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်စည်စီးဆင်းမှု စနစ်တကျ မှန်ကန်ရန် လိုအပ်ပုံ၊ နယ်စပ်ဒေသမှတစ်ဆင့် ပုံမှန်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပုံ၊ ဈေးကွက်ရှိသည့် ကြက်သွန်နီအပါအဝင် အမယ်သစ်သီးနှံများ စိုက်ပျိုးရန်နှင့် ဒေသဝမ်းစာဖူလုံမှု ခိုင်မာအောင် ကြိုးစားရန် လိုအပ်ပုံ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိရန် လိုအပ်ပုံတို့ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မောင်တောမြို့နယ်ပညာရေးဌာနအတွက် ဗလာစာအုပ်နှင့် ခဲတံများကို မြို့နယ် ပညာရေးမှူး ဦးအောင်သန်းမြင့်အား ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ခန်းမတည်ဆောက်

ထို့နောက် ရဟတ်ယာဉ်များဖြင့် ရသေ့တောင်မြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ မေယုခန်းမတည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရခိုင်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူး ဦးထွန်းဝေက မေယုခန်းမ တည်ဆောက်ခြင်းနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး တစ်ဦးတည်းအလှူရှင်၏ အလျား ၂၂၂ ပေ၊ အနံ ၇၈ပေရှိ နှစ်ထပ်ကျောင်းဆောင် တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးတာဝန်ခံက တည်ဆောက်ရေး လုပ်ငန်းများနှင့်

စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ၇၃ရာခိုင်နှုန်း ပြီးစီးနေသည့် နှစ်ထပ်ကျောင်းဆောင်ကို ရှင်းလင်းပြသကြသည်။

နှုတ်ဆက်အားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည့် ကျောင်းသူ ဖြူဖြူသိန်းအား နှုတ်ဆက်အားပေးပြီး ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရာ၌ ပညာရည် အခြေခံအားကောင်းသော တိုင်းကြီးပြည်ကြီးသားများ ပေါ်ထွက်ရန် လိုအပ်ပုံများ၊ ခြောက်ဘာသာဂုဏ်ထူးရှင်ကို စံနမူနာထား၍ မြို့နယ်၊ ပြည်နယ်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့်သူများ ဆက်လက်ပေါ်ထွက်လာအောင် သင်ကြားပေးရန် လိုအပ်ပုံများကို မှာကြားသည်။

ထိုမှတစ်ဆင့် ၂၅ ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက ရသေ့တောင်မြို့နယ်၏ အကျယ်အဝန်း၊ လူဦးရေ၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မှုများ၊ ရေငန်ပုစွန်မွေးမြူခြင်း လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ရသေ့တောင်-ပုဏ္ဏားကျွန်း ကားလမ်းဖောက်လုပ်ရန် လမ်းအူကြောင်း ရှာဖွေတိုင်းတာခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးက ရသေ့တောင်-ပုဏ္ဏားကျွန်း ကားလမ်းဖောက်လုပ်ရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စစ်တွေမြို့ လောကာနန္ဒာစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရသေ့တောင်မြို့နယ် ပညာရေးဌာနအတွက် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဦးဘရီအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ရသေ့တောင်မြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်သို့ သွားရောက်၍ ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်အား ပန်းနှင့် သောက်တော်ရေတို့ကို ဆက်ကပ်လှူဒါန်း ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ အလှူငွေများကို ပေးအပ်ပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်စကြာမုနိသိမ်တော်၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် စကြာမုနိဗုဒ္ဓရုပ်ပွားတော်အားလည်း ဖူးမြော်ကြည်ညိုကြသည်။

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် စစ်တွေမြို့ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားသည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသူများ ထုတ်ပြန်ကြေညာ

ရန်ကုန် နိုဝင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးကျင်းပသည့် စာပေဗိမာန်စာမူဆုပြိုင်ပွဲ ၂၀၀၄ခုနှစ်အတွက် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို နေစိုးသော်၏ **"နှင်းခါးရိုင်း"** ကလည်းကောင်း၊ ဒုတိယဆုကို အဏ္ဏဝါနေမင်းသိုက်၏ **"အလွမ်းခေါ်၍ ကောင်းကင်မျှော်သူများ"** က လည်းကောင်း၊ တတိယဆုကို ချစ်ညွန့်ကျော်၏ **"မိုးခြည်တိမ်ခြေ ပျံနှင့်ချေ"** က လည်းကောင်း ရရှိသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ဒုတိယဆုကို နေမျိုးသန့်၏ **"ရှင်မတောင် မိုးညိုမှိုင်းတော့ ရင်လှိုင်းခတ်လို့ လွမ်းမိတယ်"**ကလည်းကောင်း၊ တတိယဆုကို သိန်းဇော်(ရွှေလီဦး)၏ **"ပန်းတောတစ်ရွာလုံး မရှေ့ရီအပျော်ဆုံး ဝတ္ထုတိုများ"**ကလည်းကောင်း ရရှိသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို မြေပြန့်ဝင်းသွေး၏ **"ရောဝတီနှင့်အခြားကဗျာများ"** ကလည်းကောင်း၊ ဒုတိယဆုကို ဇေယျာဘုန်းမြင့်၏ **"မေတ္တာလွှမ်းခြုံ ပန်းသင်းထုံကဗျာများ"** ကလည်းကောင်း၊ တတိယဆုကို ရွှေဘိုတင်အောင်၏ **"နှစ်ဦးဆုမွန်ကဗျာများ"** ကလည်းကောင်း ရရှိသည်။

သုတပဒေသာ(ဝိဇ္ဇာပညာရပ်)တွင် ပထမဆုကို အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်)၏ **"ရွှေဘုံရွှေနန်း အမရပူရကြငှန်း"**ကလည်းကောင်း၊ ဒုတိယဆုကို သတင်းထောက် သောင်းညွန့်(ဖျာပုံ)၏ **"စာပေရေးသား ထုတ်ဝေခြင်းဆိုင်ရာ ဥပဒေရေးရာ"** ကလည်းကောင်း၊ တတိယဆုကို ကျိုက်ထော်ခင်မိုးအေး(ဘီအေ)၏ **"မြန်မာ့ရိုးရာခေနီလုပ်ငန်း"** ကလည်းကောင်း ရရှိခဲ့သည်။

သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)ဆုတွင် ပထမဆုကို ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၏ **"အနာသိက ဆေးရှိအံ့"** ကလည်းကောင်း၊ ဒုတိယဆုကို ဦးမောင်ချစ်(ရတနာပုံ)၏ **"မြန်မာနိုင်ငံတွင် တွေ့ရသော မြွေများနှင့် မြန်မာမြွေဆရာများ "** ကလည်းကောင်း၊ တတိယဆုကို ဝင်းလွင်(လက်ပံတန်း)၏ **"မွေးမြူရေးလုပ်ငန်းပိုင်ရှင်များနှင့် ခြံမန်နေဂျာများအတွက် ဆောင်ရန် ရှောင်ရန် "** ကလည်းကောင်း ရရှိသည်။

စာပဒေသာဆုတွင် ဒုတိယဆုကို ဇင်မင်း(သမိန်ထော)၏ **"ဆို၊ က၊ ရေး၊ တီး ခရီးမှတ်တိုင်များ"** ကလည်းကောင်း၊ တတိယဆုကို ဒေါက်တာမြင့်လှိုင်၏ **"ဒလတောကျီးတန်းဒေသ ရှာပုံတော်"** ကလည်းကောင်း ရရှိသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို ဦးရွှေထွန်း၏ **"လွန်းရာကျော် ကိုးကြီးချိတ်"** က လည်းကောင်း၊ ဒုတိယဆုကို ထန်လှိုင်၏ **"မပြတ်တွေ့နိုင်သည့် ဖိနပ်ခလေ့"** ကလည်းကောင်း၊ တတိယဆုကို မှတ်ကျောက်၏ **"မြန်မာ့ပန်းပဲ"** ကလည်းကောင်း ရရှိသည်။

ကလေးစာပေဆုတွင် ပထမဆုကို မြတ်မျိုးမြင့်၏ **"စေတနာနှင့်အခြားဝတ္ထုတိုများ"** ကလည်းကောင်း၊ ဒုတိယဆုကို ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၏ **"သက်ရှည်ကျန်းမာ ရင်သွေးရတနာ"** ကလည်းကောင်း၊ တတိယဆုကို မြေလတ်မောင်မြင့်သူ၏ **"ရွှေပြည်စိုးရဲ့ တေးသံသာ ကလေးကဗျာများ"** ကလည်းကောင်း ရရှိသည်။

လူငယ်စာပေဆုတွင် ပထမဆုကို နန္ဒာခင်(သက္ကလမြေ)၏ **"အလင်းတံခါးဖွင့်၍ကြိုမည်"** ကလည်းကောင်း၊ ဒုတိယဆုကို သန်းအောင်(အညာမြေ)၏ **"အမေမှသား၊ သားမှအမေ"** ကလည်းကောင်း၊ တတိယဆုကို ရဲဘော်မြသိန်း(ဟိုပုန်း)၏ **"မြန်မာမနှင့် အခြားဝတ္ထုတိုများ"** ကလည်းကောင်း ရရှိသည်။

ပြဇာတ်စာပေဆုတွင် တတိယဆုကို ဇင်မင်း(သမိန်ထော)၏ **"အဖေ အမေ သားတို့ သမီးတို့"** ကရရှိသည်။

ဘာသာပြန်စာပေဆုတွင် ပထမဆုကို မြနှင်းဆီပြန်ဆိုသည့် **"ကမ္ဘာ့ပေါင်းကူးယှက်နွယ် ဆက်စပ်မှုဖြစ်စဉ် (ဂလိုဘယ်လိုက်ဇေးရှင်း)သမိုင်းအကျဉ်း"** က ရရှိသည်။

စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၂မျိုး သတ်မှတ်ထားသည့်အနက် နိုင်ငံရေးစာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများ လက်ခံရရှိခြင်းမရှိကြောင်း သိရသည်။

ဆုရသူများသည် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် စာတည်းမှူးချုပ် ဖုန်း-၂၅၂၅၆၀၊ စာတည်းမှူး ဖုန်း-၂၄၀၀၄၈ နှင့် ဌာနခွဲမှူး(စီမံ) (တာဝန်ခံ) ဖုန်း-၃၈၁၄၄၉ တို့သို့ အမြန်ဆက်သွယ်သတင်းပို့ကြရန်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၁ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဆုရရှိသူများသည် ၈-၁၂-၂၀၀၅ ရက်တွင် လူကိုယ်တိုင် လာရောက်သတင်းပို့ကြရန်နှင့် ၉-၁၂-၂၀၀၅ ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် အမျိုးသားဇာတ်ရုံ၌ အစမ်းလေ့ကျင့်ကြမည်ဖြစ်သည်။

စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော စာမူရှင်များသည် ဆုရွေးချယ်ခြင်းမခံရသော စာမူများကို ဆုစာရင်းထုတ်ပြန်ပြီးနောက် ခြောက်လအတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ပြန်လည်ထုတ်ယူနိုင်သည်။

၂၀၀၅ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲ ယှဉ်ပြိုင်လိုသူများသည် ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။ ပြိုင်ပွဲပုံစံနှင့် စည်းကမ်းချက်များကို နယ်မှ မှာယူလိုသူများသည်တံဆိပ်ခေါင်းကျပ် ၄၀/-(ကျပ်လေးဆယ်တိတိ)ဖိုး ပေးပို့၍ မှာယူနိုင်ပြီး စည်းကမ်းချက်များတွင်ပါရှိသည့် ဘာသာရပ်အလိုက် စာလုံးရေကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင် နိုင်သည်။

(၁၆)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် ဝတ္ထုတို၊ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲ ဆုရရှိသူများကို သတင်းစာများတွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ သက်ဆိုင်ရာနှင့် ညှိနှိုင်းဆက်သွယ်ရမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၁-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၀၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၀၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၉။ အတီးပြိုင်ပွဲ
- ၈:၂၀ ၁၀။ ရန်ကုန်တိုင်းမဟူရာ ရေလှောင်တမံ
- ၈:၃၀ ၁၁။ International News.
- ၈:၄၅ ၁၂။ Grammar Made Easy.
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises For Correct Pronunciation.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)**
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၂၅ ၇။ အရေးပြိုင်ပွဲ
- ၅:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၅:၃၅ ၉။ မြန်မာစာ မြန်မာစကား
- ၅:၄၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅:၅၅ ၁၁။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၆:၀၅ ၁၂။ အဆိုပြိုင်ပွဲ
- ၆:၁၀ ၁၃။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်ကလေး" (အပိုင်း-၄၀)**
- ၆:၃၀ ၁၄။ ညနေခင်းသတင်း
- ၇:၀၀ ၁၅။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လေ့ကားထစ် ကလေးများ" (အပိုင်း-၁၄)**
- ၇:၃၅ ၁၇။ အတီးပြိုင်ပွဲ
- ၇:၄၀ ၁၈။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့လက်ဆောင်" (အပိုင်း-၁၁)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

အောင်စကြာဆရာတော် တရားဟောကြားမည်

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် နိုဝင်ဘာ ၂၃ ရက်ညတွင် သာကေတမြို့နယ် ထူပါရုံလမ်း ၂၀ အနောက်၊ ၂၄ရက်ညတွင် သန်လျင်မြို့နယ် အောင်စကြာရိပ်သာ၊ ၂၅ ရက်ညတွင် သန်လျင်မြို့ မြို့ဟောင်း အရှေ့ရပ်ကွက် စနေဆွမ်းလောင်းအသင်း ဓမ္မာရုံ၊ ၂၆ ရက်ညတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်၊ ၂၇ နှင့် ၂၈ ရက်ညတွင် မော်လမြိုင်ကျွန်းမြို့နယ် ရေကျော်ရွာ၊ ၂၉ ရက်ညတွင် သာကေတမြို့နယ် (၁)ရပ်ကွက် အနောက်(၁၅)လမ်း အရှေ့တို့၌ တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။

(က-ပ)

မြန်မာလူငယ်များ ပတ်ရှုမှတ်သားနိုင်ရန် ရည်ရွယ်ပြန်ဆို ကျောက်မျက်လုပ်ငန်း နိုင်ငံတကာအဆင့်မီ လုပ်ကိုင်နိုင်ရန်ရည်ရွယ် ဉာဏအားဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုရန် စိတ်အားထက်သန် စည်းလုံးညီညွတ်မှုအားနည်းခဲ့၍ သူ့ကျွန်ဘဝရောက်ခဲ့ရ

ဆရာဘိုးလှိုင်
ဆရာဦးဥာဏ်သင်း
ဒေါက်တာချစ်
ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)
ရန်ကုန် နိုဝင်ဘာ ၂၀
တွေ့ဆုံမေးမြန်း- ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း- သန့်ဇင်ထွန်း(ကြေးမုံ)

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စီစစ်ရွေးချယ်ရေးကော်မတီမှ ၂၀၀၄ခုနှစ်အတွင်း ထုတ်ဝေခဲ့သောစာအုပ်များကို စီစစ်ရွေးချယ်ကာ အမျိုးသားစာပေဆု ရွေးချယ်ချီးမြှင့်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏အမည်စာရင်းကို ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါအမျိုးသားစာပေဆုရ စာရေးဆရာကြီးများအား ကြေးမုံသတင်းအဖွဲ့က ယနေ့ဆက်လက်သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

ဘာသာပြန်(သုတ)

၂၀၀၄ ခုနှစ် အမျိုးသားစာပေ ဘာသာပြန်(သုတ)ဆုရ "ဦးနှောက်များကိုမီးညှိခြင်း" စာအုပ်ကို ပြန်ဆိုရေးသားသူ ဆရာဘိုးလှိုင်(ဒေါက်တာတင်လှိုင်) အဏာမြူစွမ်းအင်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)။ သိပ္ပံနှိုးဖြှင့်သည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း" ပြောကြားသွားသည်။

ဘာသာပြန်(ရသ)

၂၀၀၄ ခုနှစ် အမျိုးသားစာပေ ဘာသာပြန်(ရသ)ဆုရ စာအုပ်ဖြစ်သည့် "ကောင်ပဲမဲသင်းကွဲ ကေားဆိုင့်ဂ်"ကို ဆရာတင်မောင်မြင့်က ပြန်ဆိုရေး ကို "မခမ်ကျူရီ"စာအုပ်ဖြင့် ပထမအကြိမ်ရရှိခဲ့ပါသည်။

၁၉၈၄ ခုနှစ်တွင် နာမည်ရင်းဖြင့် "ငွေကျွန်"ကို မြတ်ငြိမ်းနှင့်တွဲပြီး ဘာသာပြန်ခဲ့သည်။ ယနေ့အထိ ဘာသာပြန်စာအုပ်ပေါင်း ၄၀ ကျော် ရေးသားခဲ့ပြီးဖြစ်သည်။

သုတပဒေသာ(ရိုးရိုးသိပ္ပံ)

ကြေးမုံသတင်းအဖွဲ့သည် ၂၀၀၄ ခုနှစ် အမျိုးသားစာပေဆု သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုရ "မြန်မာ့ကျောက်မျက်ပညာ သိပ္ပံဂုဏ်ထူးဆောင် ဘူမိဗေဒ ပေါမောက္ခ၊ ယခင် ဘူမိဗေဒ ပါမောက္ခ၊ ယခင် ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ကော်ပိုရေးရှင်းနှင့် ဒုတိယပါမောက္ခ ချုပ်၊ ရန်ကုန်တက္ကသိုလ်(အငြိမ်းစား) အား တွေ့ဆုံမေးမြန်းရာတွင် ယခု စာအုပ်ကို ပြုစုရေးသားရခြင်းမှာ ရည်ရွယ်ချက်သုံးရပ်ရှိကြောင်း၊ကျောက်မျက် တူးဖော်ရေးသမားများ၊အနေဖြင့် ကျောက်မျက်များ တူးဖော်ရာတွင် ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို စနစ်တကျသိရှိ နားလည်လုပ်ကိုင်နိုင်စေရန်၊ ကျောက်မျက်ပညာသင်ကျောင်းသား၊ ကျောင်းသူများ နိုင်ငံတကာအဆင့်မီ ကျောက်မျက်ပညာရပ်များကို လေ့လာသင်ကြားနိုင်စေရန်နှင့် တတိယအချက်အနေဖြင့် ကျောက်မျက်ရတနာ ရောင်းဝယ်သူများ၊အနေဖြင့် ကျောက်မျက်အတန်းအစားသတ်မှတ်ခြင်း အရည်အသွေး အကဲဖြတ်ခြင်းနှင့် တန်ဖိုးသတ်မှတ်ခြင်းများကို နိုင်ငံတကာအဆင့်မီ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ပါကြောင်း။

မိမိအနေဖြင့် ၁၉၉၃ ခုနှစ် အမျိုးသားစာပေဆု သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုကို "မြန်မာ့ကျောက်စိမ်း" စာအုပ်ဖြင့် ပထမအကြိမ်ရရှိခဲ့ပြီး ယခုအကြိမ်မှာ ဒုတိယအကြိမ် ဆုရရှိခြင်းဖြစ်ကြောင်း၊ ဆုရရှိခြင်းအတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း ပြောကြားသွားသည်။

သုတပဒေသာ (အသုံးချသိပ္ပံ)

ကြေးမုံသတင်းအဖွဲ့သည် ၂၀၀၄ ခုနှစ် အမျိုးသားစာပေဆု သုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ စာအုပ် "လိမ္မော်နှင့် နှစ်ရှည်သီးပင် စိုက်ပျိုးရေး" ရေးသားသူ ဒေါက်တာချစ်"(ဒုတိယအထွေထွေမန်နေဂျာ သုတေသနနှင့်ပြစ်)))အား တွေ့ဆုံရာတွင် နိုင်ငံဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ၁၂ နှစ်အကြာတွင် တိုးတက်ဖြစ်ပေါ်လာသော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများနှင့် လယ်ယာကဏ္ဍ တိုးတက်မှုများကို ကြားသိတွေ့မြင်လာသဖြင့် ကာယအားဖြင့် မစွမ်းသော်လည်း ဉာဏအားဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုရန် စိတ်အားထက်သန်လာကြောင်း၊ ထိုကြောင့် မိမိ၏နှစ် ၅၀ ကြာ စိုက်ပျိုးရေး ပညာရပ်ဆိုင်ရာ လေ့လာမှတ်သားမှုမှာအရ ဖြန့်ဝေပေးရန် လက်တွေ့ပြသနိုင်ရန် ရည်သန်၍ ပြင်ဦးလွင်မြို့တွင် ကိုယ်ပိုင်နှစ်ရည် စားသုံးသီးနှံပင် ခြံတစ်ခုတည်ထောင်ခဲ့ကြောင်း၊ ထို ဥယျာဉ်ခြံမှာ ကိုယ်ကျိုးစီးပွား တစ်ခုတည်းအတွက် မဟုတ်ဘဲ သုတေသနခြံအဖြစ် နှစ်ရှည်စားသုံးသီးပင် စိုက်ပျိုးရေးအတွက် ပညာပြန့်ပွားပေးနိုင်ရန် ရည်ရွယ်ထားကြောင်း၊ ထိုခြံကို မိမိကိုယ်တိုင် ကာယအားဖြင့် စစွမ်းဆောင်နိုင်၍ လက်တွေ့စိုက်ပျိုး လုပ်ကိုင်နေသူများကို နှစ်နှစ်တိုင်တိုင် စာဖြင့်ညွှန်ကြားပြသခဲ့ရကြောင်း။

ထိုညွှန်ကြားချက်များကို စုစည်း၍ ယခုကဲ့သို့ စာအုပ်အဖြစ် ထုတ်ဝေခြင်းဖြစ်ကြောင်း၊ နှစ်ရှည် စားသုံးသီးပင် စိုက်ပျိုးရေးဆိုင်ရာ အခြေခံအချက်များနှင့်စပ်လျဉ်း၍ ဆောင်ရန်နှင့် ရှောင်ရန်ရန်ကိစ္စများ၊ ကုသနည်းနည်းပေါင်းစုံ ကိုယ်ပိုင်ကြိုးပမ်းမှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်ရန် ရည်ရွယ်ကြောင်း၊ ကိုယ်ပိုင်ကြိုးပမ်းမှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်ခြင်းမှာ ကိုယ်ကျိုးစီးပွားတစ်ခုတည်းအတွက် ရည်ရွယ်ခြင်းမဟုတ်ဘဲ ပြည်သူများ သတိပြုမိစေရန် ဤစာအုပ်ကို ရေးသားခဲ့ကြောင်း၊ ရှောင်ရန်ရန်တို့ကို တိုတိုနှင့်ရှင်းရှင်း စာဖတ်သူ အများစု သဘောပေါက်စေရန် အကျဉ်းချုံး၍ တင်ပြထားပါကြောင်း၊ ဆုရရှိခြင်းအတွက် ဝမ်းသာပါကြောင်း ပြောကြားသွားသည်။

နိုင်ငံရေးစာပေဆု

၂၀၀၄ခုနှစ်အတွက် အမျိုးသားစာပေ(နိုင်ငံရေးစာပေ)ဆုရ ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း) **"ကိုယ်တွေ့ဖြစ်ရပ်များ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ"** စာအုပ်သည် စာရေးသူ၏ တပ်မတော်သား ဘဝ (၁၉၄၂ မှ ၁၉၇၅)အထိ ၃၃နှစ် တာကာလအတွင်း အတွေ့အကြုံများကို စိတ်ဝင်စားဖွယ်မှတ်သားဖွယ်ရာ ရေးသားထားခြင်းဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့က စာအုပ်ရေးသားသူ ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)အား တွေ့ဆုံရာတွင် "မိမိငယ်စဉ် ၁၆နှစ်သားအရွယ်၁ဝတန်းကျောင်းသား ဘဝမှာပင် ဗမာ့လွတ်လပ်ရေး တပ်မတော်(BIA) သို့ ဝင်ရောက်ခဲ့ပြီး အမျိုးသား လွတ်မြောက်ရေး(လွတ်လပ်ရေး)အတွက် အသက်ပေးတိုက်ပွဲဝင်ခဲ့ကြောင်း၊ဗျပန်ဆော်မက်လာဆိုင်လသင်တန်း အပတ်စဉ်(၁)တွင် တက်ရောက်ခဲ့ပြီး တပ်မတော်တွင် အထူးတာဝန် အဆင့်ဆင့်ထမ်းဆောင်ခဲ့ကာ မိမိ တပ်မတော်သား၏ဘဝတွင် ပြည်တွင်းသောင်းကျန်းမှုများစွာကို စာအုပ်တွင် အမည်ပေးထားသကဲ့သို့ စစ်ဆင်ရေး တာဝန် မြောက်မြားစွာဖြင့် တိုက်ခိုက် ချေမှုန်းခဲ့ရကြောင်း။

လူမျိုးရေး၊ ဝါဒရေးအရ နိုင်ငံတော်အား လက်နက်စွဲကိုင် ဆန့်ကျင် တိုက်ခိုက်ခဲ့သော သောင်းကျန်းသူများကို တပ်မတော်အနေဖြင့် ပြည်သူတို့၏ အသက်အိုးအိမ်နှင့် ပြည်ထောင်စုကြီးမပြိုကွဲ၊ အချုပ်အခြာအာဏာ မဆုံးရှုံးစေရန် ကာကွယ်တိုက်ခိုက်ခဲ့ရသော်လည်း ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးကို သာလိုလားပါကြောင်း၊ စည်းလုံးညီညွတ်မှုအားနည်းခဲ့၍ သူ့ကျွန်ဘဝရောက်ခဲ့ရသည်ကို ယနေ့လူငယ်များနှင့်ပြည်သူများ သတိပြုမိစေရန် ဤစာအုပ်ကို ရေးသားပြုစုခဲ့ကြောင်း၊ အချက်အလက်များ၏ တိကျမှိုင်မာမှု ရှိအောင် သုံးနှစ်ခန့် အချိန်ယူရေးသားခဲ့ပါကြောင်းနှင့် ယခုလို ဆုချီးမြှင့်ခြင်း ခံရသည့်အတွက် ဂုဏ်ယူမိပါကြောင်း ပြောကြားသွားသည်။ (ကြေးမုံ)



လူငယ်များအတွက်သာမက လူကြီးများအတွက်ပါ ရည်ရွယ်ပြန်ဆို။ (ဆရာဘိုးလှိုင်)

ဆရာဦးဥာဏ်သင်းက ကြေးမုံသတင်းအဖွဲ့အား ရှင်းလင်းပြောကြားစဉ်။

ကာယအားဖြင့် စစွမ်းသော်လည်း ဉာဏအားဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုရန်အားသန်။ (ဒေါက်တာချစ်)

အမျိုးသားစာပေဆုရ ဘာသာပြန်(သုတ)ဆုရ ဆရာဘိုးလှိုင်၏ "ဦးနှောက်များကို မီးညှိခြင်း" စာအုပ်မျက်နှာဖုံး။

အမျိုးသားစာပေ ဘာသာပြန်(ရသ)ဆုရ ဆရာတင်မောင်မြင့်၏ "ကောင်ပဲမဲသင်းကွဲ ကေားဆိုင့်ဂ်" စာအုပ်မျက်နှာဖုံး။

အမျိုးသားစာပေဆု သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုရ ဦးဥာဏ်သင်း၏ "မြန်မာ့ပတ္တမြားနှင့်နီလာ" စာအုပ်မျက်နှာဖုံး။

အမျိုးသားစာပေဆုသုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ ဒေါက်တာချစ်၏ "လိမ္မော်နှင့် နှစ်ရှည်သီးပင် စိုက်ပျိုးရေး" စာအုပ်မျက်နှာဖုံး။

အမျိုးသားစာပေဆု (နိုင်ငံရေးစာပေ) ဆုရ ဗိုလ်မှူးချုပ်သန်းတင် (ငြိမ်း)၏ "ကိုယ်တွေ့ဖြစ်ရပ်များ စစ်ဆင်ရေးပြီး စစ်ဆင်ရေး" စာအုပ်မျက်နှာဖုံး။

စည်းလုံးညီညွတ်မှု အားနည်းခဲ့၍ သူ့ကျွန်ဘဝရောက်ခဲ့ရသည်ကို ယနေ့လူငယ်များနှင့် ပြည်သူများ သတိပြုမိစေရန်အတွက် ဤ စာအုပ်ကို ရေးသားခဲ့။ ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)

❑ တိုင်းမှူးမှ

ဝန်ကြီးဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးရဲမြင့်၊ ပူတာအိုခရိုင်ဆောက်လုပ်ရေးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးလှမြင့်နှင့် တာဝန်ရှိသူများက မြေပုံကားချပ်များဖြင့် ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ပူတာအို–အထက်ဆန်ဂေါင်–ဝါဆာဒမ်း–ဇီယာဒမ်းနှင့် ဖုန်ကန်ရာဇီရေခဲတောင်မြေသားကားလမ်း ဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပူတာအိုလေဆိပ်၌ ဖုန်ကန်ရေခဲတောင်သို့ သွားရောက်လေ့လာကြမည့် နိုင်ငံခြားသား လေ့လာရေးအဖွဲ့ဝင်များနှင့် သွားရောက်လေ့လာပြီး ပူတာအိုမှ ပြန်လည်ထွက်ခွာမည့် နိုင်ငံခြားသားလေ့လာရေးအဖွဲ့များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အမှတ်တရ ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပူတာအို–အထက်ဆန်ဂေါင်–ဝါဆာဒမ်း– ဇီယာဒမ်းနှင့် ဖုန်ကန်ရာဇီ ရေခဲတောင်မြေသားကားလမ်းဖောက်လုပ်သည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ နန်းခမ်းတီတံတားနှင့် မာမူးလဲကျေးရွာကြားရှိ မြေသားလမ်းအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော ကျောက်ချော်လမ်း ခင်းသည့်လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒါကူရီဇားဂျစ်ကားကူး ကြိုးတံတားနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဒေသခံပြည်သူတို့ ပူးပေါင်း၍ ကာလတိုအတွင်း အပြီးတည်ဆောက်ထားသည့် မန်စေဂျစ်ကားကူး ကြိုးတံတားတို့ကို ကြည့်ရှုစစ်ဆေးသည်။

✻ ရန်ကုန်တိုင်းမှ

ရှေးဦးစွာ အောင်ပွဲရ ရန်ကုန်တိုင်း စားပွဲတင်တင်းနစ် (အမျိုးသား) အသင်း၊ မြန်မာ့သိုင်းအသင်း၊ အလေးမ (အမျိုးသား)အသင်း၊ အသက်(၁၈)နှစ်အောက် ဘတ်စကက်ဘော (အမျိုးသား)အသင်း၊ စစ်တုရင်အသင်း၊ ကြက်တောင်ရိုက်အသင်း၊ ဂျူဒို (အမျိုးသား)အသင်းနှင့် ကာယဗလနှင့် ကာယအလှအသင်းတို့က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ တံခွန်စိုက်ဒိုင်းဆုကြီးများကို အပ်နှံကြသည်။

ထို့နောက် အောင်ပွဲရ အသက်(၁၈)နှစ်အောက် ဘတ်စကက်ဘော (အမျိုးသမီး) အသင်း၊ စားပွဲတင်တင်းနစ်(အမျိုးသမီး)အသင်း၊ အလေးမ (အမျိုးသမီး)အသင်း၊ ကြက်တောင်ရိုက်(အမျိုးသမီး) အသင်းနှင့် ဂျူဒို (အမျိုးသမီး)အသင်းတို့က ရန်ကုန်တိုင်း အမျိုးသမီး အားကစားအဖွဲ့နာယက ဒေါ်ခင်သက်ဌေးထံ တံခွန်စိုက်ဒိုင်းဆုကြီးများ အပ်နှံကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က အောင်ပွဲရ အားကစားသမားများနှင့် ဧည့်သည်တော်များကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်းအနေဖြင့် အားကစားဝန်ကြီးဌာနမှ ကျင်းပသည့် ပြည်နယ်နှင့် တိုင်း အားကစားပြိုင်ပွဲများတွင် ယနေ့အထိ တံခွန်စိုက်ဒိုင်းဆုကြီး ၂၁ခု ရရှိထားပြီးဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ဦးဆောင်မှုဖြင့် တည်ဆောက်ပြီးစီးသွားသည့် ဆန်ဂေါင် ပါတိတ်ချောင်း အသေးစားရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ရပ်မိရပ်ဖတစ်ဦးက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ထို့နောက်တိုင်းမှူး၊ဝန်ကြီးနှင့် အဖွဲ့ဝင်များသည်အထက်ဆန်ဂေါင်သို့ ရောက်ရှိပြီး မြေသားလမ်းဖောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက(ပါတိတ်ချောင်းကူးနစ်နေရာရှောင်၍ ကြိမ်စခန်းသို့ ရောက်ရှိသော လမ်းအူကြောင်း အသစ်ဖောက်လုပ်ရေး)နှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျောက်ဆောင်၊ ကျောက်တုံးများ တူးဖော်ဖယ်ရှားခြင်းနှင့် သစ်ပင်ကြီးများ၊ ချုံများခုတ်ထွင်ရှင်းလင်းခြင်း၊ စက်ယန္တရားများ၊ မြေတူးစက်များဖြင့် မြေသားလမ်း ဖောက်လုပ်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပူတာအို–ဖုန်ကန်ရာဇီကားလမ်း အူကြောင်းပေါ်ရှိ ပူတာအိုမှ ၁၄ မိုင် လေးဖာလုံရှိ ကြိမ်စခန်းသို့ ရောက်ရှိကာ ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ပူတာအို–အထက်ဆန်ဂေါင်–ဝါဆာဒမ်း–ဇီယာဒမ်းနှင့် ဖုန်ကန်ရာဇီ ရေခဲတောင် မြေသားလမ်းကို စီမံချက်များအတိုင်း အချိန်မီ ပြီးစီးအောင် အကောင်အထည်ဖော်ရန်၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ပွင့်လင်းရာသီတွင် အချိန်နှင့်တစ်ပြေးညီပြီးစီးရေး ဆောင်ရွက်ရန်၊ အရည်အသွေးကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန်၊ ဆောင်ရွက်ပြီးလမ်းများကိုလည်း ရေရှည်တည်တံ့ ခိုင်မြဲအောင်နှင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အထက်ဆန်ဂေါင်ကျေးရွာရှိ ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဒေသခံများက တိုင်းမှူးနှင့် ဝန်ကြီးအား ဒေသရိုးရာလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၃၀၀ကို အသင်းဝင်တစ်ဦးက ပေးအပ်ပြီး ပူတာအိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးဖုန်ရိမင်က လက်ခံယူသည်။

ယင်းနောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ဆန်ဂေါင် ပါတိတ်ချောင်း အသေးစား ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် ရပ်မိရပ်ဖတစ်ဦးက ဖဲကြိုးဖြတ်၍ ဆန်ဂေါင်ပါတိတ်ချောင်း အသေးစား ရေအားလျှပ်စစ် စက်ရုံအား ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က စက်ခလုတ်နှိပ်၍ လျှပ်စစ်စက်အား ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က ဒေသခံများအား လက်ဆောင်ပစ္စည်းများပေးအပ်ကာ မန်ပန်ရွာသို့ ရောက်ရှိပြီး မန်ပန်ရွာရှိပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒါကူရီဇားကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများလိုက်ပါကာ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က ဒေသခံများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ယင်းနောက် ဒါကူရီဇားကျေးရွာအုပ်စုမှ ကိုယ်စားလှယ်တစ်ဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်အဆိုပြုလွှာ ၁၁၀၆စောင်ကို ပေးအပ်ရာ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံက လက်ခံယူသည်။

(သတင်းစဉ်)

ဆူးလေစေတီ အဘိဓမ္မာပြန့်ပွားရေးအသင်း (၃၈)ကြိမ်မြောက် စာအောင်ဆုနှင်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်မြို့ ဆူးလေစေတီတော် ရင်ပြင်ပေါ်ရှိ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ (၃၈)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း၊ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးပေါ်ရှိ အဘိဓမ္မာ ရတနာဃရဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ၊ အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ရန်ကုန်တိုင်း သံဃနာယက ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင် ဆရာတော်ကြီးများ၊ ဗဟန်းမြို့နယ်နှင့် ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဆရာတော်ကြီးများ၊ စာအောင် သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များနှင့် အလှူရှင်များ၊ အသင်းနာယကကြီး ဦးညွန့်စိန်၊ ဥက္ကဋ္ဌ ဦးသန်းတင်နှင့် အမှုဆောင်များ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အသင်းကြီး၏ ဩဝါဒါစရိယ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်(သင်ကြား) ဒုတိယပါမောက္ခချုပ်၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကုမာရာဘိဝံသ (D-Litt)က သာရဏီယဩဝါဒကထာမြွက်ကြား ချီးမြှင့်တော်မူပြီး စာအောင်သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအား သရက်တောကျောင်းတိုက်၊ နှစ်ကျိပ်ရှစ်ဆူ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဣန္ဒာစရိယက ဘွဲ့တံဆိပ်နှင့် အောင်လက်မှတ်များ ချီးမြှင့်တော်မူသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁–၁၁–၂၀၀၅ (တနင်္လာနေ့)

၇း၀၀ **MRTV-4** အဖွင့် **Logo**၊ ယနေ့အစီအစဉ်
၇း၁၀ စပါးစပ်မျိုးမှဝတ်မှုန် အသုံးပြု၍ တစ်သျှူးနည်းဖြင့် မျိုးပွားစပါးထုတ်လုပ်ခြင်း
၇း၂၀ တေးဂီတအစီအစဉ်
၇း၂၅ သီးနှံရောဂါများကို ထိရောက်စွာကာကွယ်နှိမ်နင်းနည်းများ
၇း၅၅ ပြည်တွင်းသတင်းအကျဉ်း
၈း၀၀ ငွေတောင်သူတို့ရိုးရာ ဂျပ်ခုတ်အထည်ရတနာ
၈း၁၀ တေးဂီတအစီအစဉ်
၈း၁၅ နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ
၈း၃၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀ **Say It In English**
၈း၅၀ မိုးလေဝသခန့်မှန်းချက်
၈း၅၅ **Myanmar Video Rhythm**
၉း၄၅ ပို့ကြမယ်၊သွင်းကြမယ် (မင်းအုပ်စိုး၊ မျိုးစန္ဒီကျော်)
၁၀း၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၅ သံဂဟေအတတ်ပညာ
၁၀း၁၀ တေးဂီတအစီအစဉ်
၁၀း၁၅ အသည်းရောင်အသားဝါ(စီ) ရောဂါအကြောင်း ဟောပြောချက်
၁၀း၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး အကြောင်းသိကောင်းစရာ
၁၁း၀၀ **MRTV-4** အပိတ် **Logo**

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်
၁၀း၃၀ **Man City-Blackburn**
လိုင်း: 5-Cartoons (Delay)
၁၂း၃၀ **Tottenham-West Ham**
လိုင်း: 5-Cartoons (Delay)
၁း၀၀ **Birmingham-Bolton**
လိုင်း: 5-Cartoons (Live)



ရန်ကုန်မြို့ ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးတင်စိုးလိုက်ပါလျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အထယုကျေးရွာ အနီးတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေသော ရန်ကုန်မြို့ ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)သို့ ရောက်ရှိလာရာ ကော်မတီဝင် ဦးကျော်စိုး၊ ဌာနမှူးများ ဖြစ်ကြသော ဒေါက်တာထွန်းသန်းထွန်း၊ ဦးသောင်းရင်၊ ဦးဇော်ဝင်း၊ ဦးဇော်ဌေး၊ ခေတ္တဌာနမှူး ဦးအောင်စိုးသန်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ စီမံကိန်းမန်နေဂျာ လက်ထောက်ဌာနမှူး ဦးကံမြင့်၊ လျှပ်စစ်ပိုင်းဆိုင်ရာ တာဝန်ခံအင်ဂျင်နီယာ လက်ထောက်ဌာနမှူး ဦးဝင်းအောင်တို့က ကြိုဆိုကြပြီး စီမံကိန်းဝင်းအတွင်း လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နေမှုများကို လှည့်လည်ပြသသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ငမိုးရိပ်တမံနှင့် ဆက်သွယ်ထားသည့် ရေခေါ်တူးမြောင်းမှ အကြိုအနည်ထိုင်ကန်သို့ ရောက်ရှိလာ သော ရေများကို Low Lift Pump သို့ ပို့ဆောင်၍ ရေများကြည်လင်စေရန် ကျောက်ချဉ်ခတ်ရန် ဆောင်ရွက်ထားမှု၊ ထိုမှတစ်ဆင့် အနည်စုဖွဲ့ကန်၊ အနည်ထိုင်ကန်များသို့အဆင့်ဆင့်ရေများ ပို့လွှတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအားတွေ့ဆုံ၍ သတ်မှတ်ကာလ ၂၀၀၅ခုနှစ် ဒီဇင်ဘာ နောက်ဆုံးပတ်၌ ပထမအဆင့်ရေဂါလန် ၄၅သန်းအား အပြီးသတ် ပို့လွှတ်နိုင်ရန်လုပ်ငန်းများအား စေတနာထားလုပ်ကိုင်ရန်၊စက်များနှင့် အဆောက်အအုံများ ရေရှည်ခိုင်ခံ့အောင် စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ပထမအဆင့်အနေဖြင့်ငမိုးရိပ်ရေပေးဝေရေးစီမံကိန်း ၂၀၀၅ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြီးစီးပါက ပေးဝေနေကျရေဂါလန် ၉၅ သန်းအပြင် နေ့စဉ် လှော်ကားကန်သို့ရေဂါလန်၁၄သန်း၊ ဂျီးဖြူပိုက်အတွင်းသို့ရေဂါလန်၁၂သန်း၊ မြောက်ဥက္ကလာပမြို့နယ်သို့ ရေဂါလန် လေးသန်း၊ တောင်ဥက္ကလာပ၊ သဃ်ာန်းကျွန်းမြို့နယ်များသို့ ရေဂါလန်ငါးသန်းစီ၊ ရန်ကင်း၊ ဒေါပုံမြို့နယ်များသို့ ရေဂါလန်တစ်သန်းစီနှင့် သာကေတမြို့နယ်သို့ ရေဂါလန် သုံးသန်း ပိုမိုဖြန့်ဝေသွားနိုင်မည်ဖြစ်သည်။ (၁၉)

လသာ အထက(၂) ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် ပညာရည်ချွန် ဆုနှင်းသဘင်နှင့် ဆရာမများ၊ ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ရက် နံနက် ၁၁နာရီခွဲတွင် အဆိုပါကျောင်း မြည်လာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီး ရေးရာအဖွဲ့ နာယကာ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ငွေး တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ကျောင်းသူများက ဇာတိမာန် သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ဂုဏ်ထူးရှင်များ

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီး ရေးရာအဖွဲ့နာယကာ ဒေါ်ခင်သက်ငွေးက ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အဆင့်(၁)မှ(၁၀)အတွင်း ရရှိသည့် ဘာသာစုံ ဂုဏ်ထူးရှင်များ ဖြစ်ကြသည့် မခင်သူသူကျော်၊ မစုလှိင်နှင်း၊ မခင်မိမိုဝင်းတို့အားလည်းကောင်း၊ ဘာသာစုံ ဂုဏ်ထူးရှင်များဖြစ်ကြသည့် မအိအိရှိ၊ မမြသီတာ၊ မသီတာတို့အား လည်းကောင်း ရွှေတံဆိပ်ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ပေးအပ်

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ၂၀၀၅ခုနှစ် သန်းအိုလ်ပစ် ထူးချွန်အဆင့်(၇) ရရှိသော ငါးဘာသာ ဂုဏ်ထူးရှင် မအေးချမ်းမြေနှင့် ဘာသာစုံ ဂုဏ်ထူးရှင်ကျောင်းသူများအား လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးကြည်ဝင်းက ဆရာမများနှင့် ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က ၂၀၀၄-၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တန်းလုံးကျွတ် အောင်မြင်အောင် သင်ကြားပေးခဲ့သော အထက်တန်းပြ ဆရာမငါးဦးအား ဂုဏ်ပြုဆုငွေများနှင့် ဘက်စုံ ပညာရေးရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဆရာမများနှင့် ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေများ ကိုလည်းကောင်း၊ မိဘဆရာအသင်းနာယက ဒေါ်ကြည်ကြည်က ဘက်စုံ ပညာရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင် ကျောင်းသူများနှင့် ပန်းချီထူးချွန်၊ အားကစားထူးချွန်၊ စာစီစာကုံး၊ ကဗျာထူးချွန်၊ ဘင်ခရာ ထူးချွန်ကြသည့် တက္ကသိုလ်ဝင် စာမေးပွဲအောင် ကျောင်းသူများအား ဆုများချီးမြှင့်သည်။ (သတင်းစဉ်)

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လသာမြို့နယ်၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင်းသဘင်နှင့် ဆရာမများ၊ ဝန်ထမ်းများ ဂုဏ်ပြုပွဲအခမ်းအနားကို မြည်လာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ငွေး၊ ဘက်စုံထူးချွန်ဆုရ ကျောင်းသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သစ်တောရေးရာဝန်ကြီး၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၀ရက်မှ ၂၅ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တာဝန်ရှိသူများနှင့် ဆွေးနွေးရန်အတွက် ယနေ့မှန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အမျိုးသား၊စီမံကိန်းနှင့် ဒီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဖိုးသာနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့်၊ ဌာနတာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နွှတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆေွနှင့်မြန်မာ့ သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ရှေပြည်သာမြို့နယ် ပညာရေးဝိသေသစုများ၏ ပဥ္စမအကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ပွဲကို အောက်တိုဘာ ၁၁ရက်က အထက(၁) ကျောင်းခန်းမ တွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်နှင့် အထက်တန်း၊ အလယ် တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုသလနှင့် ဆရာတော်များထံ ကထိန်သက်နန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ပညာရေး)

ဘဒ္ဒမ္မဇောတိကမဟာသိမ်တော် အလှူငွေ လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၀

စစ်ကိုင်းတောင်ရိုး သီတဝု ကမ္ဘာ ဗုဒ္ဓတက္ကသိုလ်တွင် တည်ဆောက်လျက် ရှိသော သဒ္ဓမ္မဇောတိက မဟာသိမ်တော် ကြီးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ ကို နိုဝင်ဘာ ၇ ရက် နံနက် ဈေးရိုခွဲက အဆိုပါတက္ကသိုလ် မမြသာလာခန်းမ ဆောင်တွင် ကျင်းပရာ သီတဝု ကမ္ဘာ ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာ အရှင်ဥာဏိသရ အမှူးပြုသော သံဃာ တော်များ ကြွရောက်တော်မူပြီး အလှူရှင် မိသားစုများ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူ များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး သီတဝုဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ အလှူရှင် ၁၃ဦးတို့က အလှူငွေစုစုပေါင်း ငွေကျပ် ၆၃၅သိန်း ကို လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် သီတဝုဆရာတော် ဒေါက်တာ အရှင် ဥာဏိသရက ရေစက်ချအနုမောဒနာ တရား ချီးမြှင့်ကြောင်းသိရသည်။ (က-ပ)

ကိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောရေးရာဝန်ကြီး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နွှတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သစ်တောရေးရာ)

မုန်တိုင်းငယ်တစ်ခု တဖြည်းဖြည်းရွှေ့လျား

ရန်ကုန် နိုဝင်ဘာ ၂၀

ယနေ့မြန်မာစံတော်ချိန် ညနေ၃နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိလာပြီး သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၏ အရှေ့မြောက် ယွန်းယွန်းမိုင် ၃၀၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက် ယွန်းယွန်းဆီသို့ တဖြည်းဖြည်းရွှေ့လျားမည်ဟု ခန့်မှန်းရမည်ကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၁)သန်လျင် စာကြည့်တိုက်သို့ စာအုပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဦးဝင်းသည် နိုဝင်ဘာ ၁၆ရက် နံနက် ၁၀နာရီက အခြေခံပညာအထက်တန်း ကျောင်း အမှတ်(၁)သန်လျင်သို့ သွား ရောက်ပြီး ပတ္တမြားနန်းမဆောင်၌ ကျောင်းစာကြည့်တိုက်အတွက် ဦးတင်သန်း(မဟာသိပ္ပံ)ပြုစုသည့် မြန်မာနိုင်ငံရှိ အရွယ်ကြီးနို့တိုက်သတ္တဝါများ လေ့လာ ရေးလမ်းညွှန် (A Guide to the Large Mammals of Myanmar) စာအုပ်ကို ကျောင်းစာကြည့်တိုက်တွင် အသုံးပြုရန် လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ ကျောင်းအုပ် ဆရာကြီး ဒေါ်ခင်ခင်ကြိုင်၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးအေးမောင်နှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။ (ပညာရေး)

မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်းမြေလျင်လှုပ်ရှား

ရန်ကုန် နိုဝင်ဘာ ၂၀

ယမန်နေ့ မြန်မာစံတော်ချိန် ည ၈နာရီ ၄၃မိနစ် ၄၁စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေလျင်စခန်းမှ တောင်ဘက်မိုင် ၁၀၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ဆူမားကြားမြောက်ပိုင်း ကမ်းလွန်ပင်လယ်ပြင် ဘန်ဒါအာချေးဖြို့၏ တောင်-အရှေ့တောင်ဘက်) ၂၄မိုင်ခန့် အကွာကို ဗဟိုပြု၍ အင်အား ရစ်ချိတာစကေး ၆ဒသမ၅အဆင့်ရှိ အင်အား ပြင်းထန်သော မြေလျင်တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရှားပါးမျိုးစိတ်များ

ရန်ကုန်မြို့ သာကေတမြို့နယ် အရှေ့(၃)ရပ်ကွက် မာန်ပြေ ၁၇ လမ်းရေ ဦးမြသိန်း၊ ဒေါ်ညွှန့်ညွှန့်သန်း၊ ဦးစင်လှ၊ ဒေါ်ညွှန့်ညွှန့်စိန်၊ ကိုမင်းမင်းဆိုး(သမီး)မင်းမြတ်မြတ်သူ မိသားစုတို့က ကွယ်လွန်သူ သမီးမအေးသီတာထွေးအား ရည်စူး၍ ဆွမ်းပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွား ရိပ်သာသို့ လှူဒါန်းစဉ်။ (က-ပ)

ဗြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၁-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြတ်တိအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ ဗျိုးချစ်တပ်ဓောဘ
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်ခိုမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိန်းဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြတ်ရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နွှတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြတ်တိအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ ရင်မှာခွဲလမ်းတော်ဝင်ပန်း
၄:၂၅	၅။ မျိုးချစ်တပ်မတော်
၄:၃၅	၆။ ကြည်နူးချင်ဃော်တေးသရုပ်ဖော်
၄:၄၅	၇။ **အဝေးသင် ပညာရေးပို့ချမှု အစီအစဉ်** – Introduction to Micro Finace. (ဒုတိယနှစ်-စီးပွားရေးပညာ)
၅:၀၀	၈။ **မဟာင်ဃောအလင်း (အပိုင်း-၁၀)** -ဘီးနှစ်ဘီးဖေါ်ကဘဝ
၅:၄၅	၉။ သာယာသီကြေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြတ်ရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရပ်မြင်စာတမ်းမိုး "ချစ်အမိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၄၀)**
၈:၀၀	၁၆။ မြတ်ရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ ဓေးမြန်းထူးစမ်း
	၁၉။ ယနေ့ညအတွက် မြတိတိ၏ တေးလက်ဆောင်
၂၀။	**ရသစုံလင်ရပ်မြင်စာတမ်းမိုး "နှင်းနဂါးသိုင်း" (အပိုင်း-၄၀)**
၂၁။	သင့်အတွက်မနက်ဖြန်
၂၂။	အပိတ်နွှတ်ဆက်စကား
၂၃။	ပြီးပါပြီ။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြားပစ်အဖွဲ့နှင့် အမျိုးသမီးဘောလုံးအသင်းထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၀

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ရန် အုပ်ချုပ်သူ ဦးကျော်ဦး ခေါင်းဆောင်သော မြန်မာမြားပစ်အဖွဲ့နှင့် အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတို့သည် ယနေ့နံနက် ၁၀ နာရီက လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဇည့်ခန်းမဆောင်တွင် တွေ့ဆုံအားပေးစကားပြောကြားပြီး ပို့ဆောင်နှုတ်ဆက်သည်။

မြန်မာမြားပစ်အဖွဲ့နှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ ဗဟို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ပို့ဆောင်နှုတ်ဆက်ကြသည်။

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီတွေ့ရစဉ်။ (ကြေးမုံ)

မြန်မာမြားပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)၊ နည်းပြဆရာများအဖြစ် ဦးသန်းကြိုင်၊ ဦးအောင်သူရ၊ ဒေါ်မြတ်သူဇာမြင့်၊ Observer တစ်ဦး၊ အားကစားသမားများအဖြစ် Compound အမျိုးသား– ပေါ်ဦး၊ ရဲမင်းဆွေ၊ လင်းနိုင်၊ မျိုးအောင်ဆန်း၊ အမျိုးသမီး – ကေသီ၊ မေရီစန်း၊ ယုနန္ဒာထိုက်၊ တင်ဇာအိ၊ Recurve အမျိုးသား– ညီညီထွန်း၊ ဇော်ဝင်းထိုက်၊ ထွန်းလင်းအောင်၊ ဇော်မင်းထွန်း၊ အမျိုးသမီး– နန်းမိုဟွမ်၊ အောင်ငြိမ်း၊ စန်းယုထွေးနှင့် နန်းဌေးလှိုင်တို့ လိုက်ပါသွားကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ် ဦးအေးမောင်လေး၊ လက်ထောက်နည်းပြအဖြစ် ဦးခင်မောင်ကို၊ အသင်းဆရာဝန်တစ်ဦး၊ Observer တစ်ဦး၊ အားကစားသမားများအဖြစ် ဂိုး– မေခင်ယမင်း၊ မြင့်မြင့်သန်း၊ အေးအေးသန်း၊ နောက်တန်း– စန်းစန်းမော်၊ နွယ်နွယ်တိုး၊ စန်းစန်းသိန်း၊ မိုးမိုးဝါ၊ သက်သက်ဝင်း၊ စန်းယုနိုင်၊ နေဇာလင်းလင်းအောင်၊ မြင့်မြင့်အေး၊ အလယ်တန်း–အေးနန္ဒာလှိုင်၊ သူဇာထွေး၊ နှင်းဆီမြင့်၊ သန်းသန်းထွေး၊ ရှေ့တန်း– မိုင်နီလာထွေး၊ သီတာကြည်၊ စန်းစန်းကြူ၊ မာလာဝင်းနှင့် ဇင်မာဝမ်းတို့ လိုက်ပါသွားကြသည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ မြန်မာ၊ လက်ရှိချန်ပီယံ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား ငါးသင်းသာ ပါဝင်မည်ဖြစ်ရာ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အမှတ်အများဆုံး နှစ်သင်း ဗိုလ်လုရမည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲအဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ (ကြေးမုံ)

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် မြန်မာမြားပစ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (ကြေးမုံ)

မိုးကုတ်ဝိပဿနာ (၁၀)ရက် တရားစခန်း

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်း သုဝဏ္ဏမြို့ သံသုမာလမ်းရှိ သုဝဏ္ဏသီဂီ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဒီဇင်ဘာ ၃ ရက်မှ ၁၂ ရက်အထိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက သုဝဏ္ဏသီဂီ ဓမ္မရိပ်သာကျောင်း၏ ပဓာန နာယက "မဟာကမ္မဋ္ဌာနာစရိယ" ဘဒ္ဒန္တကစ္စာယန အရှင်သူမြတ်နှင့် တပည့် ဦးနာရဒ(ဓမ္မာစရိယ)၊ ဓမ္မကထိက ဆရာဦးသိန်းဆွေ (မကွေး)တို့က ပဋိစ္စသမုပ္ပာဒ် သစ္စာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်မည့်ယောဂီများ ဒီဇင်ဘာ ၂ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က–ပ)

အာဆင်နယ်အသင်းက ဝီဂန်အသင်းကို အနိုင်ရ မန်ယူအတွက် နစ္စတယ်လ်ရှိုင်းတစ်ဦးတည်း နှစ်ဂိုးသွင်း

လန်ဒန် နိုဝင်ဘာ ၂၀

အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၃)ကို စနေနေ့က ကျင်းပရာတွင် အာဆင်နယ်အသင်းက ဝီဂန်အသင်းကို သုံးဂိုး–နှစ်ဂိုးနှင့် အနိုင်ရရှိခဲ့သည်။ ယခုနှစ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ထူးထူးကဲကဲ အောင်ပွဲများ ဆင်နွဲနေသည့် ဝီဂန်အသင်းသည် ခြောက်ပွဲဆက်တိုက် အနိုင်ရရှိခဲ့မှု စံချိန်ကို ဆက်လက်မထိန်းသိမ်းနိုင်တော့ဘဲ အာဆင်နယ် အသင်းကို အရှုံးပေးလိုက်ရသည်။ အာဆင်နယ်အသင်းသည် လက်ရှိ ဘောလုံးရာသီတွင် ပထမဆုံးအကြိမ် အဝေးကွင်း၌ အောင်ပွဲခံခြင်းဖြစ်သည်။

ဗွေဆော်ဦးဂိုးကို အာဆင်နယ်အသင်းက သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၁၁ မိနစ်တွင် ဗန်ပါစီက ဘယ်တောင်ပံဘက်မှနေ၍ အပြင်းကန်သွင်းခဲ့ပြီး အာဆင်နယ်အသင်းကို ဦးဆောင်ကစားခဲ့သည်။

အာဆင်နယ်အသင်းသည် ပိုမိုတက်ကြွစွာ ကစားလာခဲ့ပြီးနောက် ၁၁ မိနစ်အကြာတွင် ဒုတိယမြောက် ဂိုးကို ရရှိသည်။ အာဆင်နယ်အသင်းမှ ဖက်ဘရေးဂက်စ် ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို အွန်နရီက အသာအယာပင် ကန်သွင်းခဲ့ရာ ဂိုးဝင်သွားခဲ့သည်။

သို့ရာတွင် ပွဲချိန် ၂၈ မိနစ်တွင် ဝီဂန်အသင်းမှ ဆီနီဂေါလူမျိုး ဘောလုံးသမား ကမ်မရာက ဒိုင်ဗင်ထိုးခေါင်းတိုက်၍ အနီးကပ် ဂိုးသွင်းနိုင်ခဲ့ရာ ဝီဂန် အသင်းသားများ ပြန်လည်တက်ကြွလန်းဆန်းလာပြီး ချေပဂိုး ဆက်လက်သွင်းယူရန် ကြိုးပမ်းလာသည်။

ထိုစဉ်အတွင်း အာဆင်နယ်အသင်းမှာ ပိုမို အကြိတ်အနယ် ရှိလာပြီး အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ရှိနေသော ဝီဂန်အသင်းအပေါ် အနိုင်ယူရန် ဆက်လက်ကြိုးပမ်းလာသည်။ ပွဲချိန် ၄၁ မိနစ်တွင် အာဆင်နယ်အသင်းမှ အွန်နရီကပင် ဖရီးကစ်ကန်သွင်းကာ အနိုင်ဂိုးသွင်းယူခဲ့သည်။

ပွဲချိန် ၄၅ မိနစ်တွင် ဂျင်မီဘောလတ်က လှလှပပ ဂိုးသွင်းနိုင်ခဲ့သော်လည်း ဝီဂန်အသင်းမှာ နောက်ထပ်ချေပဂိုး မသွင်းနိုင်တော့ပေ။

ချာလ်တန်–မန်ယူ

မန်ချက်စတာ ယူနိုက်တက်အသင်းတွင် အသင်းခေါင်းဆောင် ရှိုင်ကိန်း ပါဝင်ခြင်းမရှိတော့သော်လည်း ချာလ်တန်အက်သလက်တစ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် ထိုက်ထိုက်တန်တန် အနိုင်ရရှိသွားသည်။

ပွဲချိန် ၃၇ မိနစ်တွင် အလန်စမစ်က မန်ချက်စတာယူနိုက်တက်အသင်းအတွက် ဂိုးသွင်းနိုင်ခဲ့သည်။ အလန်စမစ်သည် ယခုနှစ် ဘောလုံးရာသီတွင် ပထမဆုံးအကြိမ် ဂိုးသွင်းနိုင်ခြင်းပင်ဖြစ်သည်။ ယခင်က တိုက်စစ်မှူးနေရာတွင် ကစားခဲ့သော အလန်စမစ်သည် ရှိုင်ကိန်းမရှိတော့ချိန်တွင် ကွင်းလယ်ကစားသမားအဖြစ် ပါဝင်ကစားရာ၌ ခြေစွမ်းပြနိုင်ခြင်းပင်ဖြစ်သည်။ ရှိုင်းကိန်းသည် ပြီးခဲ့သည့် သောကြာနေ့က မန်ချက်စတာ ယူနိုက်တက်အသင်းကို ရုတ်တရက် စွန့်ခွာသွားခဲ့သည်။ ရှိုင်ကိန်းသည် အိုးထရက်ဖို့ဒ်ကွင်းတွင် ၁၂ နှစ်ခွဲမျှ ကစားခဲ့ပြီးနောက် အသင်းမှ နုတ်ထွက်သွားခြင်းဖြစ်သည်။

ပွဲချိန် ၆၅ မိနစ်တွင် ချာလ်တန်အသင်းက ချေပဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် မိနစ် ၇၀ နှင့် ၈၅ မိနစ်တို့တွင် ရုဒ်ဗန်နစ္စတယ်ရှိုင်းတစ်ဦးတည်းက နှစ်ဂိုးဆက်တိုက် သွင်းယူသွားခဲ့သည်။

အခြားပွဲရလဒ်များ

ချယ်လ်ဆီး(၃)	–	နယူးကာဆယ်(၀)
လီဗာပူး(၃)	–	ပို့စ်မောက်(၀)
မန်စီးတီး(၀)	–	ဘလက်ဘန်းရိဗာ(၀)
ဆန်ဒါးလန်း(၁)	–	အက်စတွန်ဗီလာ (၃)
ဝက်စ်ဘရွန်း(၄)	–	အယ်ဗာတန်(၀)

အမ်အင်အေ၊ရိုက်တာ။

စနေနေ့က ဂျေဂျေဘီအားကစားကွင်းတွင် အာဆင်နယ်အသင်းနှင့် ဝီဂန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဝီဂန်အသင်းမှ ကမ်မရာက ပွဲချိန် ၂၈မိနစ်တွင် ဒိုင်ဗင်ထိုးခေါင်းတိုက်၍ ဂိုးသွင်းယူစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမျိုးသမီးဘောလုံးဒိုင် ဖိလစ်ပိုင်သို့ ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၀

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ အမျိုးသမီး ဒိုင်လူကြီး ဒေါ်စန်းစန်းမြင့် **(ယာပုံ)** သည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး ဒေါ်စန်းစန်းမြင့် (ရဲအရာခံ၊ ပြည်ထဲရေးဝန်ကြီးဌာန) သည် နိုဝင်ဘာ ၂၂ မှ ဒီဇင်ဘာ ၃ ရက်အထိ ကျင်းပမည့် အမျိုးသမီး ဘောလုံးပွဲစဉ်များတွင် ကွင်းလယ် ဒိုင်လူကြီးတာဝန် ထမ်းဆောင်မည်ဖြစ်သည်။ (ကြေးမုံ)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ စတင်ကျင်းပ မြန်မာအသင်း ပွဲဦးထွက်ရှုံး

ရန်ကုန် နိုဝင်ဘာ ၂၀

၂၀၀၅ ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ဒေသစံတော်ချိန် ညနေ ၄နာရီတွင် ဖိလစ်ပိုင်နိုင်ငံ Paglaum ၌ စတင်ကျင်းပသည်။

ပြိုင်ပွဲ (ခ) အုပ်စုမှ လာအိုလက်ရွေးစင် ဘောလုံးအသင်းနှင့် မြန်မာလက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လာအိုအသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအသင်းအတွက် ပထမ ချေပဂိုးကို စိုးမြတ်မင်းက လည်းကောင်း၊ ဒုတိယချေပဂိုးကို မာလ ကလည်းကောင်း သွင်းယူခဲ့သည်။

နိုဝင်ဘာ ၂၂ရက် ဒေသစံတော်ချိန် ညနေ ၆နာရီခွဲတွင် (ခ)အုပ်စုမှ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

ရာနှုန်းပြည့် ဒေသဝမ်းစာပူလုံရေး ဆက်လက်ကြိုးပမ်း ဒေသအတွင်း အိမ်တွင်းစက်မှုလက်မှု အသေးစားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မက်မန်းမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ မိုင်းဖြတ်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး အေးလင်းကခြံအတွင်း စပါး၊ ရော်ဘာ၊ သရက်၊ သံပရာနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ အောင်ပွဲရ အားကစားအသင်းများက တံခွန်စိုက်ဒိုင်းဆု အပ်နှံစဉ်။ (သတင်းစဉ်)

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မက်မန်းမြို့ မင်းရန်အောင်ခန်းမ၌ မက်မန်းမြို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၀

အားကစားဝန်ကြီးဌာနက ကျင်းပသည့် (၂၀၀၅)ခုနှစ် ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဒိုင်းဆုများ ရရှိခဲ့ကြသည့် ရန်ကုန်တိုင်းကိုယ်စားပြု အားကစားအသင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ည ၆ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ *

သတိပြုရန်

CNG သုံးမော်တော်ယာဉ်များတွင် သက်ဆိုင်ရာမှ တရားဝင် တပ်ဆင်ပေးထားသည့် CNG သဘာဝဓာတ်ငွေ့ ဆလင်ဒါအိုးများမှလွဲ၍ အခြားမည်သည့် ဆလင်ဒါအိုးကိုမျှ လွှဲပြောင်း/အပိုတပ်ဆင် အသုံးမပြုရ၊ ထိုကဲ့သို့ အသုံးပြုလျှင် ပေါက်ကွဲတတ်ရာ အန္တရာယ်အလွန်ကြီးမားသည်။

စွမ်းအင်ဝန်ကြီးဌာန

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဖုန်ကန်ရာဇီရေခဲတောင် ကားလမ်းဖောက်လုပ်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၀

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ရောက်ရှိနေသော ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် အဖွဲ့ဝင်များအား နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ခါကာဘိုရာဇီ ဧည့်ရိပ်သာဧည့်ခန်း၌ ပူတာအို–ဖုန်ကန်ရာဇီ မြေသားလမ်း ကားလမ်းဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ပူတာအိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်စိုး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❑

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ ပူတာအို – အထက်ဆန်ဂေါင် – ဝါဆာဒမ်း–ဇီယာဒမ်းနှင့် ဖုန်ကန်ရာဇီရေခဲတောင် မြေသားကားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)